

မြန်မာ့ရိုးရာ
မြန်မာ့ဓလေ့
အတိတ်နှင့်နိမိတ်
မကျေးဝင်းမြင့်

မကြွေးဝင်းမြင့်

# မြန်မာ့ရိုးရာ မြန်မာ့ဓလေ့
# အတိတ်နိမိတ်

ဆုမြတ်စာပေ

၇၉၊ ဝါးတန်းလမ်း၊ ရန်ကုန်မြို့

စာမူခွင့်ပြုချက် - ၂၅၃/၉၁(၈)

မျက်နှာဖုံးခွင့်ပြုချက် - ၅၉/၉၂(၂)

မျက်နှာဖုံးရိုက် - ဦးမောင်လှိုင် (မြ-၀၃၈၅၄)
လှိုင် အော့ဖ်ဆက်
အမှတ် ၃၇၂၊ ၃၇၆
ဗိုလ်ချုပ်အောင်ဆန်းလမ်း၊
ရန်ကုန်မြို့။

ထုတ်ဝေသူ - ဦးထွန်းရှိန် (မြ-၀၁၂၈၅)
ပန်းစုံမြိုင်စာသဘင်
အမှတ် ၈၄၃၊ အောင်သစ္စာ ၃ လမ်း
၄ ရပ်ကွက်၊ သာကေတ၊ ရန်ကုန်မြို့။

ပုံနှိပ်သူ - ဒေါ်ကျင်ငွေ (မြ-၀၃၁၄၆)
ဇမ္ဗူအောင်ပုံနှိပ်တိုက်
အမှတ် ၁၊ စပယ်ခြံ ၃ လမ်း၊
ကမာရွတ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးပန်းချီ - တင်မောင်မျှင့်
ပထမအကြိမ် - ခု၊ ဧပြီလ
အုပ်ရေ - ၅၀၀
တန်ဖိုး - ၂၅ ကျပ်

## ဒို့တာဝန် အရေးသုံးပါး

- ပြည်ထောင်စု မပြိုကွဲရေး ... ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ... ဒို့အရေး
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ... ဒို့အရေး

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသား အားလုံး၏
ပဓာနကျသော တာဝန်ဖြစ်သည်။

ရတနာမြတ်သုံးပါး
မိဘနှစ်ပါးနှင့်
သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာတို့အား
ရိုသေစွာဦးညွှတ်လျက်. . .

မကွေးဝင်းမြင့်

# မာတိကာ


| | | |
|---|---|---|
| ၁။ | အစီရင်ခံပါသည် | ၈ |
| ၂။ | ဇမ္ဗူဒီပါ လက်ယာတောင်ကျွန်း နိမိတ်ထွန်း | ၁၇ |
| ၃။ | အာဒိကပ္ပပြဟ္မာကြီးများ | ၁၈ |
| ၄။ | နိမိတ်ဆိုသည်မှာ | ၁၉ |
| ၅။ | အတိတ်၊ နိမိတ်၊ ဟိတ်၊ တဘောင်၊ စနည်း၊ ဘဝေါ | ၁၉ |
| ၆။ | ဘုရားဧကန်ဖြစ်လတ္တံ့ | ၂၀ |
| ၇။ | အယူတော်မင်္ဂလာ | ၂၂ |
| ၈။ | အယူတော်မင်္ဂလာအမည်ရှိ အမတ်တစ်ယောက် အကြောင်း | ၂၃ |
| ၉။ | အယူတော်မင်္ဂလာကို ပညာစမ်းခြင်း | ၂၆ |
| ၁၀။ | ဗေဒင်ပညာနှင့် နိမိတ် | ၂၉ |
| ၁၁။ | သံချိုဆရာ မောင်းထောင် ဦးကျော်လှ | ၃၃ |
| ၁၂။ | ကိန်းတွေ့လျက်ငြား (သံချိုကဗျာ) | ၃၈ |
| ၁၃။ | အမေကျော် ဒွေးတော်မလွမ်းနှင့် | ၄၁ |
| ၁၄။ | မြန်မာ့နက္ခတ်ပညာအစ | ၄၇ |
| ၁၅။ | ကျွန်တော့်ဝန်းကျင်မှ အတိတ်နိမိတ်များ | ၄၈ |

| | | |
|---|---|---|
| ၁၆။ | သပြေနည်းပြမှ သူပြေးနည်းပြ | ၅၁ |
| ၁၇။ | အန်ကယ်သိုက်မှ အန္တရာယ်သိုက်သို့ | ၅၁ |
| ၁၈။ | ယောယိမ်းလိုက်၊ ယောမြှောက်လိုက် | ၅၂ |
| ၁၉။ | ဟိုးဆရာ | ၅၃ |
| ၂၀။ | ပွဲစားကြီးဘဝမှ | ၅၄ |
| ၂၁။ | အဂ္ဂိရပ်ပညာရှင်ကြီးဖတ်သော နိမိတ် | ၅၇ |
| ၂၂။ | ဘောလုံးပွဲ ဘယ်သူနိုင်မလဲ | ၆၀ |
| ၂၃။ | အတိတ်နိမိတ် | ၆၁ |
| ၂၄။ | အိပ်မက်ကပြောသောနိမိတ် | ၆၃ |
| ၂၅။ | ဆေးကုရာတွင် နိမိတ်အမြင် | ၆၅ |
| ၂၆။ | ဖရုံခါး | ၆၈ |
| ၂၇။ | ကျောက်ဆည်မြို့မှ ဦးလေး ဦးလှမောင် | ၆၉ |
| ၂၈။ | ရန်ကုန်ပန်းဆိုးတန်းလမ်းမှ ဦးလေး ဦးကျော်အေး | ၇၀ |
| ၂၉။ | အတိတ်ကောင်း၊ နိမိတ်ကောင်း | ၇၄ |
| ၃၀။ | ပျားစွဲနိမိတ် | ၇၆ |
| ၃၁။ | အသားလှုပ်ခြင်း နိမိတ် | ၇၇ |
| ၃၂။ | မြေငလျင် လှုပ်ခြင်း | ၈၁ |
| ၃၃။ | လအလိုက် မြေငလျင်လှုပ်ခြင်း အကျိုးအပြစ် | ၈၃ |
| ၃၄။ | နေ့အလိုက် မြေငလျင်လှုပ်ခြင်း အကျိုးအပြစ် | ၈၅ |
| ၃၅။ | အိပ်မက်ကပြောသော နိမိတ်များ | ၈၆ |

၃၆။ သောက်ခြင်းနှင့်ဆိုင်ရာ မြင်မက်ခြင်း ၈၉
၃၇။ စီးခြင်းနှင့်ဆိုင်ရာ မြင်မက်ခြင်း ၉၀
၃၈။စားခြင်းနှင့်ဆိုင်ရာ မြင်မက်ခြင်း ၉၂
၃၉။ ဖမ်းခြင်းနှင့်ဆိုင်ရာ မြင်မက်ခြင်း ၉၃
၄၀။ အမြင့်ကိုတက်ခြင်းဆိုင်ရာ မြင်မက်ခြင်း ၉၅
၄၁။ နေ၊ လ၊ ကြယ်တို့ မြင်မက်သော် ၉၆
၄၂။ အသံကြားခြင်းဆိုင်ရာ မြင်မက်ခြင်း ၉၇
၄၃။ သင်္ကြန်စာနှင့် အတိတ်နိမိတ် ၉၈
၄၄။ အထွေထွေ မြင်မက်ခြင်း ၁၁၅
၄၅။ ကောင်းသောနံနက်ခင်းကို ရယူခြင်း ၁၁၅
၄၆။ အတိတ်ကံ ၁၁၆
၄၇။ သည်းခံခြင်း ၁၁၇
၄၈။ နှလုံးသားကြံ့ခိုင်ခြင်း ၁၁၇
၄၉။ အတိတ်ကောင်း၊ နိမိတ်ကောင်း၊
သတင်းကောင်း ၁၁၉

## အစီရင်ခံပါသည်

ရှေးက လူကြီးသူမများသည် နံနက်စောစော အိပ်ရာမှထ၍ မျက်နှာသစ်ပြီးလျှင် ကောင်းသောနိမိတ်၊ ကောင်းသောမင်္ဂလာ ဖြစ်စေရန် မြတ်စွာဘုရားကို အာရုံပြု၍ ဘုရားရှိခိုးကြပါသည်။

ပရိတ်ကြီး ပုဗ္ဗဏှသုတ်တွင် အကြင်မကောင်းသော နိမိတ်သည်လည်းကောင်း၊ အကြင်မကောင်းသော အ,မင်္ဂလာသည်လည်းကောင်း၊ ငှက်ဆိုး၏ နှစ်သက်ဖွယ် မရှိသော အကြင်အသံသည်လည်းကောင်း၊ အကြင် ပါပဂြိုဟ်သည်လည်းကောင်း၊ နှစ်လိုဖွယ်မရှိသော အကြင် မကောင်းသော အိပ်မက်သည်လည်းကောင်း ရှိကုန်၏။

ထိုမကောင်းသော နိမိတ် စသည်တို့သည် ဘုရားရှင်၏ အာနုဘော်ကြောင့် (တရားတော်တို့၏ အာနုဘော်တို့ကြောင့်၊ သံဃာတော်၏ အာနုဘော်ကြောင့်) အလျဉ်းမရောက်၊ ကင်းပျောက်ခြင်းသို့ ရောက်ပါစေကုန်သတည်း။

ဤသို့ ပရိတ်ရွတ် ဘုရားရှိခိုးကြပါသည်။ ဘုရားရှိခိုးခြင်းသည် မကောင်းသော နိမိတ်များ မတွေ့မမြင်စေရန် ကောင်းသော နိမိတ်များ ဦးစွာယူလိုက်ခြင်း ဖြစ်ပါသည်။ ထိုသို့ ယူလိုက်ခြင်းကြောင့် ထိုနေ့အဖို့ မကောင်းသောဘေးရန် အညစ်အကြေးများ ကင်းစင်ပပျောက်၍ ကောင်းကျိုးချမ်းသာ မင်္ဂလာ ဖြစ်ထွန်းစေပါသည်။

[ခ]

| | | |
|---|---|---|
| ဇမ္ဗူဒိတ် | - | နိမိတ်ထွန်း |
| အမြင်မှာ | - | နိမိတ် |
| အတိတ်မှာ | - | လက်ဆောင် |
| အသံမှာ | - | တဘောင်ဟု ရှေးက ဆိုရိုး စကား ရှိခဲ့ကြပါသည်။ |

**အမြင်မှာ နိမိတ်ဆိုသည်မှာ**-

လူတစ်ယောက်သည် တရားရုံး၌ အမှုတစ်ခုကို ရင်ဆိုင်နေရ၏။ သူ၏အမှု နိုင်မည်၊ မနိုင်မည်ကို သိလို၍ ဗေဒင်ပညာရှင်တစ်ဦးထံ ဗေဒင်သွားမေး၏။

ဗေဒင်ပညာရှင်က ထိုပုဂ္ဂိုလ်၏ မွေးနေ့၊ ခုနှစ်တို့ကို မေး၍ တွက်ရန်ပြင်ဆင်နေစဉ် အိမ်ရှေ့ လမ်းကြီးပေါ်၌ ရွှေထီးဆောင်း၍ ရှင်လောင်းလှည့်လာသည်ကို မြင်တွေ့လိုက်ရ၏။

ထိုအခါ ဗေဒင်ပညာရှင်သည် ဘာမျှ တွက်ချက် မနေတော့ဘဲ ရွှေထီးဆောင်း၍ ရှင်လောင်း လှည့်လာသည်ကို နိမိတ်ယူလိုက်သည်။

"ကဲ. . . ကျုပ် အတပ်ဟောလိုက်မယ်၊ ခင်ဗျားအမှု မုချနိုင်မယ်"

ဗေဒင်ဆရာဟောသည့်အတိုင်းပင် အမှု နိုင်ပါသည်။ နောက်သာဓက တစ်ခု တင်ပြပါဦးမည်။

ရှေးဘုရင်များခေတ်က ဘုန်းတော်ကြီးကျောင်း တစ်ကျောင်းတွင် အလှူအပ ပန်းချီကားများ ချိတ်ဆွဲထားပါသည်။ ထိုပုံများထဲတွင် မီးဖိုခွဲ မီးမွှတ်နေသည့်ပုံကိုလည်း တွေ့ရပြီး၊ ထို့ကြောင့် အချင်းချင်း မသင့်မမြတ် ရန်ဖြစ်သည်။

မကြာမီ ထိုကျောင်းသို့ နိမိတ်အကြောင်း နားလည်သူ ရောက်ရှိလာပြီး ထိုပန်းချီကားကိုတခြားသို့ပြောင်းရွှေ့စေသည်။ ထိုအခါကျမှ ထိုကျောင်း၌ အချင်းချင်း သင့်မြတ်၍ အေးချမ်းသွားသည်ဟူ၍ မောင်းထောင်သာသနာပိုင်ကြီး ရေးသားသည့် နိမိတ္တက ဝိဇ္ဇာကျမ်းစာ၌ တွေ့ရှိရပါသည်။

တစ်ခါသော်...ရွာတစ်ရွာမှ အမျိုးသမီးကြီး တစ်ဦးသည် သူ၏ယောကျ်ား ခရီးထွက်သွားရာ နှစ်နှင့်ချီ၍ ကြာနေပြီဖြစ်၏။ သေသလား၊ ရှင်သလားမသိ။ နောက်ဆုံး ကြံရာမရဖြစ်ကာ ရွာဦးကျောင်းဆရာတော်ထံ ရေလှူရင်း ဗေဒင်မေးရန် ရေအိုး တစ်လုံးကိုရွက်၍ ထွက်လာခဲ့သည်။

ကျောင်းဝင်းသို့အဝင်တွင် ကျောင်းလှေကားမှ ဘုန်းတော်ကြီး ဆင်းလာသည်ကို မြင်တွေ့လိုက်ရ၏။

ဒကာမသည် ရေးကြီးသုတ်ပျာနှင့် ခြေအလှမ်းတွင် ခလုတ်တိုက်၍ လဲသွားသည်။ ခေါင်းပေါ်တွင် ရွက်လာသော ရေအပြည့်နှင့် ရေအိုးလည်း ကွဲကျသွားပါတော့သည်။ ထိုအမျိုးသမီးသည် သူ့ယောကျ်ားနှင့် သည်တစ်သက် ကွဲပြီဟု စိတ်ထဲတွေးဆကာ ချုံးပွဲချ ငိုပါတော့သည်။

ဘုန်းတော်ကြီးက လှေကားလက်ရန်းမှ လှမ်း၍

"ဟဲ့…ဒကာမ၊ ဘာဖြစ်တာလဲ"

"တပည့်တော်ခင်ပွန်း ခရီးထွက်သွားတာ ကြာပြီဘုရား၊ အဲဒါ အရှင်ဘုရားဆီ ဗေဒင်လာမေးတာ၊ ခုတော့…ခုတော့၊ နိမိတ်မကောင်းဘူးဘုရား၊ ရေအိုးကွဲပြီ၊ တပည့်တော်တို့လဲ ကွဲပြီပေါ့ဘုရား"

"ဟဲ့… ဒကာမ၊ ဒီလို နိမိတ်မကောက်ရဘူးလေ၊ ခုရေအိုးက ဘယ်ကလာတာလဲ၊ မြေကြီးကိုလုပ်ထားတဲ့ ရေအိုးလေ၊ ရေအိုးဟာ သူ့နေရာသူ ပြန်သွားတာလို့ နိမိတ်ကောက်ရတယ်၊ သွား…နင့်ယောက်ျားလဲ ကိုယ့်နေရာကို ပြန်ရောက်ပြီ၊ အိမ်ပြန်ကြည့်"ဟု နိမိတ်ဖတ်လိုက်သည်။

ဒကာမသည် လှင့်စဉ်ကျသွားသောခေါင်းခုကလေးနှင့် မျက်ရည်သုတ်ကာ အိမ်သို့ ကတိုက်ကရိုက် ပြန်ပြေးလေသည်။ ဘုန်းတော်ကြီး နိမိတ်ဖတ်လိုက်သည့်အတိုင်း ပါပဲ။ အိမ်တွင် လင်ယောက်ျား ရောက်နေလေပြီ။

နိမိတ်ဖတ်ခြင်းနှင့် ပတ်သက်၍ စာရေးသူ၏အမေအကြောင်း ပြောပြချင်ပါသေးသည်။ စာရေးသူ၏ အမေသည် ရှေးအဘွားကြီးဖြစ်ပါသည်။ ရှေးအဘွားကြီးပီပီ အယူလည်းသည်း၏။

"ခုကာလ ကောင်မလေးတွေ ဆံပင်တွေဖြတ်တယ်၊ ဆံပင်ဖားလျားချတယ်၊ အဲဒါ မကောင်းတဲ့ အတိတ်နိမိတ်တွေပဲ"

"ဆံမြိတ်တော့ ဘာဖြစ်လဲ အမေရဲ့၊ ပိုလှတာပေါ့"

ကျွန်တော် မဝံ့မရဲ ပြောလိုက်မိ၏။

"အေး... လှတာမက်—လှတာမက်၊ လှတာမက်ရင်ညစာခက်သတဲ့၊ ဟင်း—မပြောလိုက်ချင်ဘူး၊ ဆံမြိတ်လို့ တိုတစ်နှစ်က ဆန်ပြတ်တာ နင်မသိဘူးလား၊ ဆံပင်ဖားလျားချတာလဲ ငါမကြိုက်ဘူး၊ ယောကျ်ားတို့ဘုန်း လက်ရုံး၊ မိန်းမတို့ဘုန်း ဆံထုံးတဲ့၊ မိန်းမဆိုတာ ဆံပင်ကို ကျစ်ကျစ်လျစ်လျစ် ဖြီးလိမ်းထားရတာပဲ့ သိလား၊ မြစ်ပယ်ရဲ့၊ လ လယ်ရဲ့၊ ဆ-ဆယ်ပုံပျက်ပါပေါ့ဘုရား ဆိုတာ၊ အစွန်း— ငိုကြေးမြည်တမ်း၊ အဆွေး အလွမ်းတွေဖြစ်တတ်တယ် သိရဲ့လား"

အမေ့စကားကြောင့် ဇက်ကလေး ပုဝင်သွားအောင် ငြိမ်၍နားထောင်နေရပါသည်။

"ဘာလဲ၊ နင်တို့က ဒါ သိပ်ပွဲခေတ်၊ ကွန်ပျူတာခေတ်၊ ဒါတွေ အယုံအကြည်မရှိဘူးလို့ ပြောချင်သေးသလား၊ နင် ဘာလူမျိုးလဲ၊ နင့်ကို ငါမွေးထားတာ၊ ဗုဒ္ဓဘာသာ မြန်မာလူမျိုးစစ်စစ်၊ တို့လူမျိုး၊တို့ရိုးရာ၊ တို့ယဉ်ကျေးမှု၊ တို့ဓလေ့ထုံးစံတွေ အများကြီးရှိတယ် ရှေးသုံးလဲ မလွယ်နဲ့၊ရှေးထုံးလဲမပယ်နဲ့၊ရှေးသုံးလွယ်ရင် မှဲ့တတ်တယ်၊ ရှေးထုံးပယ်ရင် လွဲတတ်တယ် သိရဲ့လား။ ဇမ္ဗူဒီပါ လက်ယာတောင်ကျွန်း ဩဘာနိမိတ်ထွန်းတဲ့ပညာတ်သွားရာ ခေတ်သက်ပါတယ်၊ စကားပြောရင်လဲ အရမ်းကာရောပြောကြတယ်၊ဘာတဲ့၊တို့အပေကာပဲပို့ဌာနမှာ 'အကောင်' တဲ့၊ ကြည့်စမ်း၊ ဘယ်လောက် ရင့်သီးတုန်း၊ အကောင်ဆိုတာ တိရစ္ဆာန်မှ သုံးရတာတဲ့၊ လူနာမည်လဲ အရမ်းမမှည့်ရဘူး၊ ရှေး

ခေတ်က မှည့်ခဲ့တဲ့ နာမည်တွေ ဘယ်လောက် ကောင်းတုန်း။ မောင်အောင်လှတဲ့၊ မောင်ပန်းမွှေးတဲ့၊ မောင်ကောင်းတဲ့၊ မောင်လှလှတဲ့၊ ခေါ်ရတဲ့လူ ကျက်သရေကိုရှိတယ်၊ ပညတ်သွားရာ ခေတ်သက်ပါတတ်တယ်"

"ပြောပါအမေ၊ ကျွန်တော်နားထောင်ပါ့မယ်"

"ပညတ်သွားရာ ခေတ်သက်ပါတယ်ဆိုတဲ့စကားက...ဥပမာ လူတစ်ယောက် ဘေးဥပဒ်အန္တရာယ် ကင်းဝေးအောင် ဗယာကြော် လုပ်စားတယ်၊ တချို့က ဗယာကြော်ကို အလယ်က အကွင်းကလေးပါသေးတယ်၊ ဘေးဘာရာ ကျော်ပြီး ကွင်းသွားအောင်လို့ပေါ့၊ တချို့က အလှူဒါနပြုကြတဲ့အခါ ကြာကြာခံရအောင်ဆိုပြီး ကြာဆံဟင်းကျွေးတယ်၊ ဘဝမှာ လဲမသွားမတ်ရဲ့ကို ဗယာကြော် လုပ်လိုက်သေးတယ်၊ လူမမာ နာလန်ထလွယ်အောင် မုန့်လုံးရေပေါ် ကုသိုလ်လုပ်သေးတယ်၊ မြုပ်နေတာကို ပေါ်လာအောင် အတိတ်နိမိတ်ယူကြတာ၊ ကောင်းကင်မှာပေါ်တဲ့ အတိတ်နိမိတ်တွေလဲ ရှိသေးတယ်၊ ကို ဂျပန်ခေတ်က လ,ကိုကြယ်ဖောက်တာ....

လကိုကြယ်ဖောက်
ဂျပန်ရောက်။
ရောက်သည့်ဂျပန်
သုံးနှစ်ခံတဲ့။

....တကယ်ပါပဲ၊ သုံးနှစ်ပဲ ကြာပါတယ်၊ တို့ဘစ်တွေ မြန်မာ့တပ်မတော်နဲ့ ပြည်ထောင်စုသားတွေက ညီညီညွတ်ညွတ်နဲ့ မောင်းထုတ်နိုင်ခဲ့တယ်”

စာရေးသူ၏အမေ ပြောသည့်စကားတွေ အများကြီး ရှိပါသေးသည်။ အတိတ်နိမိတ် တဘောင်တွေ မှတ်စုထုတ်၍ ထားခဲ့ပါသည်။

အမေသည် မည်မျှပင် သားသမီးများအပေါ် စိတ်ဆိုးစိတ်ဆိုး ကျိန်ဆဲခြင်းမရှိပါ။ နှုတ်ကို အင်မတန် ဂရုစိုက်ပါသည်။

နှုတ်နှင့်ပတ်သက်၍ အမေ ပြောပြဖူးပါသည်။ တစ်ခါက သားအဖနှစ်ယောက်ဘုန်းကြီးကျောင်းသို့ အလာ ကျီးငှက် တစ်ကောင် သား၏ခေါင်းပေါ် မစင်စွန့်ချသည်။ ကျောင်းရောက်သောအခါ ဖခင်က....

“အရှင်ဘုရား...တပည့်တော်သား ခေါင်းပေါ် ကျီးကန်း တစ်ကောင်က မစင်စွန့်ချပါတယ်ဘုရား”

ဆရာတော် ဘုန်းကြီးက....

“ရွှေကျီးပါကွာ”

“မဟုတ်ဘူးဘုရား၊ ကျီးကန်းပါဘုရား”

“ရွှေကျီးပါဆို”

“ကျီးကန်းပါဘုရား”

ဒကာက ငုတ်ပြောနေ၏။ ဆရာတော်ဘုန်းကြီးလည်း ဘာမျှမပြောနိုင်တော့။ ထိုဒကာ၏ သားငယ်သည် အရွယ်ရောက်၍ ကြီးလာသောအခါ မျက်စိ စုံလုံးကန်းသွားတော့ဟူ၏။ "ကျိုးကန်း"ဟူသော နိမိတ်ကို ယူသောကြောင့်ပါတည်း။

တစ်ခါတစ်ရံ စာရေးသူ၏ မိတ်ဆွေများက...

"ဗျို့...ဆေးဆရာကြီး၊ ကျန်းမာရဲ့နော်"

"ဆေးဆရာဆိုတာ ဘေးဘရာဝေးတာပေါ့ဗျာ"ဟု မင်္ဂလာနှုတ်ခွန်း ပြန်လည်ဆက်လိုက်သောအခါ နှုတ်ဆက်သူလည်း ဝမ်းသာ ကျေနပ်သွားသည်။

အတိတ်၊နိမိတ်သည် အလွန်အရေးကြီးပါသည်။ ထို့ကြောင့် စာရေးသူသည် "အတိတ်ကောက်" (နိမိတ်ကောက်) ရေးက "အယူတော်မင်္ဂလာ" အဘိဓါန်ပညာတို့ကို တတ်စွမ်းသမျှ ကြိုးစားအားထုတ်ခဲ့ပါသည်။

ထို့အပြင် မြန်မာ့ရိုးရာ မြန်မာ့စလေ့ ရှေးက မြန်မာပညာရှိကြီးများ၊ရှေးကလူကြီးသူမများတားရစ်ခဲ့သောအတိတ်ကောက် နိမိတ်ကောက်၊ လျှော်လျှပ်ခြင်း၊ လကြတ်ခြင်း၊ နေကြတ်ခြင်း၊ ပျားစွဲခြင်း၊ အိပ်မက်၊အသားလှုပ်ခြင်းများ၏ ဆိုးကျိုး ကောင်းကျိုးများကို စုစည်းတင်ပြ အစီရင်ခံပါသည်။

ဤစာအုပ် ဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ အကူအညီပေးကြသော၊ ရန်ကုန်မြို့ အမှတ်— ၂၂၁/ အနော်ရထာ

လမ်းနှင့် ၃၁–လမ်းမှ ဝိန်ပုလဲ နာရီ ရောင်းဝယ်ရေး ပိုင်ရှင်
ဦးမောင်ချို၊ မန္တလေးမြို့၊ ၈၇–လမ်း (၂၈×၂၉) ကြားနေ
ကုန်မျိုးစုံ ပွဲရုံပိုင်ရှင် ဦးစိုးဝင်းနှင့် ရန်ကုန်မြို့ ရွှေတိဂုံ တောင်
ဘက်မုခ် အမှတ်–၂၇/၂၈၊ ဂုဏ္ဍသာယာ စာအုပ်ဆိုင်ရှင် ဦးစိုး
လွင်တို့ကို ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင် ဂုဏ်ပြုအပ်
ပါသည်။

မကွေးဝင်းမြင့်

# ဇမ္ဗူဒီပါ လက်ယာတောင်ကျွန်း
# နိမိတ်ထွန်း

ကျွန်တော်တို့ မြန်မာနိုင်ငံတော်သည် ဇမ္ဗူဒီပါ လက်ယာတောင်ကျွန်းတွင် ပါဝင်တည်ရှိ၍ ကျက်သရေ မင်္ဂလာနှင့် ပြည့်စုံသော နိုင်ငံဖြစ်ပါသည်။

"ဇမ္ဗူဒီပါ လာက်ယာတောင်ကျွန်း နိမိတ်ထွန်း" ဆိုစကားအတိုင်း အတိတ်ကောင်း၊ နိမိတ်ကောင်းတို့နှင့် ပြည့်လျှမ်းပြီး သာသနာတော်လည်း ရောင်ဝါနေသို့ ထွန်းလင်းခဲ့ပါသည်။

ကျွန်တော်တို့ တောင်ကျွန်း၌ ကျွန်းဦးတွင် ဇမ္ဗူသပြေပင်ကြီး ပေါက်ရောက်ပါသည်။ သစ်ပင်တကာတို့တွင် မင်္ဂလာအရှိဆုံး ဖြစ်ပါသည်။ ကြံတိုင်းအောင်၍ ဆောင်တိုင်းမြောက်စေသော အောင်အတိတ်၊ အောင်နိမိတ်တို့ကို ပေးစွမ်းနိုင်သော သပြေကို အောင်သပြေဟုလည်း တင်စား ခေါ်ဝေါ်ခဲ့ကြပါသည်။

ထို့ကြောင့် မြန်မာ့ရိုးရာ၊ မြန်မာ့ဓလေ့အတိုင်း မွေးနေ့မင်္ဂလာ၊ ထိမ်းမြားလက်ထပ် မင်္ဂလာ၊ အလှူတော်မင်္ဂလာ၊ အမျိုးမျိုးသော မင်္ဂလာ အခမ်းအနားများ ပြုလုပ်ကြသလို နှစ်

ဟောင်းကုန်၍ နှစ်သစ်ကူးသော အခါ၌လည်း "သပြေခက်နှင့် ရေပက်" ခဲ့ကြပါသည်။

"အောင်ဇေယျတု ငွေခရုဖြင့် သပြေနုရွက်ဝါ" စသည် စသည် ဖြင့်ဆိုလိုသည်မှာ ကျွန်တော်တို့တစ်တွေသည် မြန်မာ့ရိုးရာ၊ မြန်မာ့ ဓလေ့အတိုင်း အတိတ်ကောင်း၊ နိမိတ်ကောင်းများနှင့် ပြုဖွယ် ကိစ္စအဝဝ ဆောင်ရွက်ခဲ့ကြသည်ဟု ဆိုလိုပါသည်။

## အာဒိကပ္ပ ဗြဟ္မာကြီးများ

အာဒိကပ္ပ ဗြဟ္မာကြီးများသည် ကမ္ဘာဦးအစတွင် ဦးစွာ ပေါ်ထွက်လာသော ကြာပင်ကို အတိတ်နိမိတ်ယူ၍ ကြာပင် တစ်ပင်ပေါ်က ဘုရားတစ်ဆူ ပွင့်တော်မူမည်။ ကြာပင် နှစ်ပင် ပေါ်ပါက ဘုရားနှစ်ဆူ။ ကြာ သုံးပင်၊ လေးပင်၊ ငါးပင် ပေါ် ပါက ဘုရားသုံးဆူ၊ လေးဆူ၊ ငါးဆူ ပွင့်လိမ့်မည်ဟု နိမိတ်ဖတ် ခဲ့ကြပါသည်။

ကြာပန်း တစ်ပင်မှ မပေါ်ပါက ဘုရားတစ်ဆူမျှ မပွင့်ပြီဟု အတိတ် နိမိတ် ဖတ်ကြ မှတ်ကြပါသည်။ ဤသည်ကို ထောက်ရှု ခြင်းအားဖြင့် အတိတ် နိမိတ် ဖတ်ခြင်းသည် အာဒိကပ္ပ ဗြဟ္မာ ကြီးများက စတင် ဖတ်ခဲ့ကြသည်ဟု ဆိုပါသည်။

ထိုကဲ့သို့ ဗြဟ္မာကြီးများက စတင်ခဲ့ပြီး ကမ္ဘာသူ ကမ္ဘာသား အဆက်ဆက်တို့က လက်တွေ့၊ ကိုယ်တွေ့ တိကျ မှန်ကန်သော ဖြစ်စဉ် ဖြစ်ရပ်တွေကို မှတ်သားထားခဲ့ကြပြီး "ထုံးတမ်းစဉ်လာ အတိတ်နိမိတ်ဖတ်ခြင်း" ပေါ်ပေါက်ခဲ့ခြင်း ဖြစ်ပါသည်။

## နိမိတ်ဆိုသည်မှာ

နိမိတ် = နိမိတ္တ = ဖြစ်ပေါ်လာမည့် အကျိုး၏ အရင်းခံ အကြောင်းရင်းဟု အဓိပ္ပာယ်ရပါသည်။ ထိုနိမိတ်ကို ထပ်၍ ခွဲခြားတင်ပြရသော် ပုဗ္ဗနိမိတ်နှင့် ပရနိမိတ်ဟူ၍ နှစ်မျိုး ရှိပါသည်။

ပုဗ္ဗနိမိတ်ဆိုသည်မှာ ရှေးဖြစ်မည်ကို ဖတ်သော နိမိတ်ဖြစ်၍ ပရနိမိတ်သည် ဖြစ်ပြီးကို ဖတ်သော နိမိတ်ဖြစ်ပါသည်။

## အတိတ်၊ နိမိတ်၊ ဟိတ်၊ တဘောင်၊ စနည်း၊ ဘဝေါ

ရှေးနန်းတွင်း လက်သုံးကျမ်းများ၌ အထူးသဖြင့် မင်္ဂလာသရဖူကျမ်းက ဆိုမိန့်သည်မှာ. . . ။

## အတိတ်

သုံးပါးကာလ၊ အတီတကို ညီမျှဆင်ခြင် တွေ့မြင်ဘိသည်ကို ယူငင်ခြင်းတည်းဟူသော အတိတ်၊ ရှေးဖြစ်မည်ကို ကြိုတင်နိမိတ်ပြခြင်း။

## နိမိတ်

တစ်စုံတစ်ခုဖြစ်ရန်အတွက် ထူးထူးခြားခြား ပေါ်လာတတ်သော အကြောင်း။

### ဟိတ်

ဖြစ်ပျက်သည့် အကြောင်းရင်း။

### တဘောင်

ကလေး၊ သဘင်သည်၊ သူရူးတို့ သီဆိုသော တေးကဗျာ။

### စနည်း

ကာလ၊ အကာလ နှစ်ဌာနတွင် မိမိကြိုက်နှစ်သက်ရာ အခါ သမယတို့၌ပင် လိုအင်ခပ်သိမ်းကို နှိုင်းချိန် သိကျွမ်းရစေခြင်း အကျိုးငှာ ဦးစွာ ပြောဆိုသည်ကို ကြားရသော ဝါစက မာဂဓ ဘာသာတို့၏ အသံကို မှတ်ယူခဲ့ခြင်းသည် 'စနည်း'။

### ဘဝေါ

ဘုရား ပုထိုး တန်ခိုး ရောင်ခြည် မျက်ရည်ယိုထွက် ချွေးတော် သက်၍ နတ်စက်လောင်မီး ကျောင်းကြီးဇရပ်၊ နန်းပြာသာဒ်၌၊ ကျလတ်တုံလေ၊ လနန်းငွေတွင်၊ ကြယ်ဝင်ကြယ်ခွပ်၊ ရောစပ် တစ်မျိုး၊ အခိုးတန်ခွန်၊ လွှတ်သည့်ဟန်သည်၊ ဖြစ်ရန်ပျက် ကြောင်း 'ဘဝေါ' တည်း။

### ဘုရားစေကန် ဖြစ်လတ္တံ့

မဟာသက္ကရာဇ် (၆၈)ခု၊ ကဆုန်လပြည့်၊ သောကြာနေ့ နံနက် (တစ်ချက်တီးအချိန်) လုမ္ဗိဏီအင်ကြင်းဥယျာဉ်တော

(နီပေါနိုင်ငံ ခတ်မန္ဒူမြို့) တွင် မယ်တော် မာယာသည် ဗုဒ္ဓ မြတ်စွာ အလောင်းတော် သိဒ္ဓတ္ထမင်းသားကို ဖွားမြင်ခဲ့ပါသည်။

သိဒ္ဓတ္ထမင်းသားကို အတိတ် နိမိတ် ဗေဒင်နက္ခတ္တ ကျွမ်းကျင် တတ်မြောက်ကြသော အကျော်အမော် ရာဇ၊ ဇေ၊ လက္ခဏာ ဇောတိမန္တ၊ ယည၊ ဘုဇော၊ သုယာမတို့က လက်နှစ်ချောင်းကို ထောင်၍ ကျွန်းလေးကျွန်းကို ပိုင်နင်းသော စကြာမင်းသော် လည်းကောင်း၊ လူတွင် ထင်ရှား ဘုရားရှင်သော်လည်းကောင်း ဖြစ်လတ္တံ့ ဟု နိမိတ်ဖတ်ခဲ့ကြသည်။

ကောဏ္ဍညအနွယ် သုဒတ္တအမည်ရှိသော ပုဏ္ဏားငယ်ကမူ လက်ညှိုးတစ်ချောင်းတည်းကိုသာ ထောင်လျက် အတုမရှိသော အသာဒိသအစစ် ဓမ္မရာဇ် ဘုရားဧကန်ဖြစ်လတ္တံ့ ဟု ဟောကြား နိမိတ်ဖတ်ခဲ့ကြပါသည်။

ထိုသို့ ပုဏ္ဏားတော်ကြီးက ဟောကြား နိမိတ်ဖတ်သည်ကို သဘောမကျသူမှာ ခမည်းတော် သုဒ္ဓေါဒနမင်းကြီး ဖြစ်ပါ သည်။ မင်းကြီးသည် သားတော် သိဒ္ဓတ္ထ တောမထွက်ရလေ အောင် အမျိုးမျိုးသော နန်းစည်းစိမ်ကို အပ်နှင်း၍ ပိတ်ပင် တားဆီးခဲ့ပါသည်။

တစ်နေ့သောအခါ သိဒ္ဓတ္ထမင်းသားအား သူအို၊ သူနာ၊ သူသေ၊ ရဟန်း စသော နိမိတ်ကြီးလေးပါးကို မြင်ပြီး တော ထွက်လိမ့်မည်ဟူသော ပုဏ္ဏားတော်ပညာရှိများက ကြိုတင်ဟော ထားသောကြောင့် ထိုနိမိတ်ကြီးလေးပါး မမြင်ရလေအောင် အထူး ဂရုစိုက်ခဲ့ကြသည်။

သို့သော် အချိန်တန်သောအခါ သိဒ္ဓတ္ထမင်းသားသည် ဥယျာဉ်တော်သို့ အသွား နတ်များက နိမိတ်ကြီး လေးပါးကို ဖန်ဆင်းပြသကြပါသည်။ ဘုရားအလောင်း၏ ပါရမီတော်အဟုန်ကြောင့် နိမိတ်ကြီးလေးပါး မြင်လျှင်မြင်ချင်း သတိရကာ တောထွက်ခဲ့ပါတော့သတည်း။ ထို့ကြောင့် လယ်တီဆရာတော်ဘုရားကြီးက ဤသို့ ရေးစပ်တော်မူပါသည်။

လေးမျိုးနိမိတ်
နတ်ပြဟိတ်ကြောင့်
ရွှေစင်ငြင်ငြို
သံဝေပိုကာ
ဝါဆိုလပြည့်
ကျားမင်းနေ့ဝယ်
ချမ်းမြေ့ရဂုံ
တောရပ်လှုံသည်
စုံမြိုင်ပင်ရိပ်ခန်းမှာကို။ ။

## အယူတော်မင်္ဂလာ

ရှေးခေတ်က မွန် မြန်မာတို့သည် ကိစ္စကြီးငယ် ဆောင်ရွက်ကြရာတွင် အတိတ်နိမိတ်တဘောင်တို့ကို အသုံးပြု၍ ဆောင်ရွက်ကြပုံကို အယူတော်မင်္ဂလာ လျှောက်ထုံးကျမ်းစာအုပ်နှင့် ရာဇာဓိရာဇ် အရေးတော်ပုံ စာအုပ်များ၌ ဖတ်ရှုရပါသည်။ အယူတော်မင်္ဂလာအကြောင်းကို အကျဉ်းမျှ ကောက်နုတ်ဖော်ပြပါအံ့။

## အယူတော်မင်္ဂလာအမည်ရှိ အမတ်တစ်ယောက် အကြောင်း

ဣဋ္ဌ အနိဋ္ဌ ကိစ္စကုန်စင် ဒိဋ္ဌမျက်မြင်ကဲ့သို့ ယှဉ်ပိုင်းခြား လွဲမှားမရှိတတ် သိလိမ္မာထင်ရှားကျော်စောလှသော အယူတော် မင်္ဂလာအမည်ရှိ "မောင်နိုး"ကို ရွှေဘိုခရိုင် ဒီပဲရင်းမြို့နယ် ကြခတ် ရွာနေ အသည်ဝန်ကြီးမင်းကြီး မဟာကျော်ထင်၏နှမ မမင်းလှ နှင့် ဦးရွှေညိုတို့မှ မွေးဖွားသောသား ဖြစ်ပါသည်။

တစ်ညသ၌ မမင်းလှသည် "ဖြဟ္မာဏနွယ်ဝင် ပုဏ္ဏားတစ်ဦး က တစ်ညတာမျှ တည်းခိုပါရစေ" ဟု အိပ်မက်မက်ရာမှ လန့်နိုး သည်။ ထိုအိပ်မက်နှင့် ပတ်သက်၍ တတ်သိနားလည်သော ဆရာ ဘုန်းတော်ကြီးထံ သွားရောက် လျှောက်ထားသောအခါ ဆရာ ဘုန်းကြီးက. . .

"ပညာထူးချွန်သော သားယောကျ်ားလေး သန္ဓေတည်လိမ့် မည်" ဟု မိန့်ဆိုလိုက်လေသည်။

မမင်းလှသည် သက္ကရာဇ် ၁၁၂၄ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၀-ရက် အင်္ဂါနေ့နံနက် (၉) နာရီအချိန် အယူတော်မင်္ဂလာ ဖြစ်လာမည့် သားယောကျ်ားကလေး မွေးဖွားသည်။

မိဘများသည် မိမိတို့သားကလေး အမည်မှည့်ပေးရန် ဆရာ ဘုန်းကြီးထံ သွားရောက် လျှောက်ထား တောင်းပန်သောအခါ ဆရာဘုန်းတော်ကြီးက မွေးနေ့သည် အင်္ဂါနေ့ ဖြစ်သော်လည်း မမင်းလှအိပ်မက်မက်သောအခါ လန့်၍နိုးသည်ကို နိမိတ်ဆောင်

သောအားဖြင့်တစ်ချက်။ တစ်ဖန်အသိဉာဏ်ပညာနိုးကြွစေရန်ရည်ရွယ်၍ "မောင်နိုး"ဟူသော အမည်ကို မှည့်ပေးလိုက်လေသည်။

မောင်နိုး ခုနစ်နှစ်သားအရွယ်သို့ ရောက်သောအခါ ဘုံသာတုလွတ်ဆရာတော်ထံ အပ်နှံသည်။ ပညာကို သင်ရိုးအတိုင်း သင်ကြားပြီး ၁၃-နှစ်သားအရွယ်တွင် သဒ္ဒါကို ကောင်းစွာ တတ်မြောက်၍ ၁၄-နှစ်သားအရွယ်သို့ ရောက်သောအခါ ဗေဒင်လက်ရိုးကို ကောင်းစွာ တတ်မြောက်လေသည်။

မောင်နိုး ၁၅-နှစ်သားအရွယ် ရောက်သောအခါ ဦးရီးဖြစ်သူ အသည်ဝန်ကြီးက သာသနာ့ဘောင်သို့ ချီးမြှောက်သည်။ ကိုရင်ဘဝနှင့် ဗေဒင်ကျမ်း၊ ဆန်းကျမ်း၊ အင်္ဂဝိဇ္ဇာနှင့် အဋ္ဌကထာဋီကာများ နှုတ်မှာ ရွရွ တတ်မြောက်လေသည်။

မောင်နိုး ၁၉-နှစ်သား အရွယ်ရောက်သောအခါ ဦးရီးတော် အသည်ဝန်ကြီးမဟာကျော်ထင်ကလူထွက်စေပြီး ရွှေလွှတ်တော်ဆိုင်ရာ တရားရေးဌာနဝန်ကြီး "သတိုးမဟာသီဟသူ" ထံ အပ်နှံလိုက်သည်။

မောင်နိုးသည် လက်ရေးလက်သား စာစီစာကုံး အသုံးအနှုန်း ပါမကျန် ကျွမ်းကျင်စွာ အမှုတော် ထမ်းဆောင်သောကြောင့် ဘဝရှင်မင်းတရားကြီးခေါ် အမရပူရနန်းတည် ဘိုးတော်မင်းတရားက အမှာတော်ရေးအရာထားလျက် "နေမျိုးလေခပျံချီ" ဘွဲ့ရည် ချီးမြှင့်၍ အတွင်းတော်ပါ အမိန့်ပြန်လျက် ခန့်ထားလိုက်လေသည်။

တစ်နေ့သောအခါ

"ဇော်တမော်"ဟု ခေါ်သော ကသည်းလူမျိုး အရူး တစ်ယောက်သည် ညာဘက်လက်တွင် ပျိုးစည်း။ ဘယ်ဘက်လက်၌ ပြောင်းစည်းကိုကိုင်လျက် မြင်လိုက်ရသောအခါ မောင်နိုးက. . .

"ကသည်းအရူးလုပ်ပုံသည် ကောင်းသော လက္ခဏာ မဟုတ်၊ ဤနေ့မှ ၁၅-ရက်အကြာတွင် အထက်အညာမှ မိုးရေများ ဒလဟော စီးဆင်း၍ ဤရွာကို ဖျက်ဆီးလတ္တံ့၊ အဘယ်ကြောင့်ဆိုသော် ပျိုးသည်လည်းကောင်း၊ ပြောင်းသည်လည်းကောင်း၊ ဇော်တမော်မှ "မော်"သည်လည်းကောင်း ကြာသပတေးနံချည်းဖြစ်သည်။ မိုးသည်လည်း ကြာသပတေးနံဖြစ်ရာ "ငါးရက်သုံးလီ၊ လွန်ပျိုအီ" "ရေနီဗျက်၍ပြိုလတ္တံ့" ဟု အဟောထွက်၏။

ထို့ကြောင့် ဝေးရာအရပ် ရေလွတ်ရာအရပ်သို့ ပြောင်းရွှေ့နေထိုင်ကြရန် ဟောလေသည်။ သို့သော် ယုံကြည်သူ အနည်းငယ်မျှသာ ရှိသည်။ မယုံကြည်သူက များလေသည်။

၁၅-ရက်အကြာ၌ အထက်အညာ၌ မိုးများရွာသွန်းသောကြောင့် ဧရာဝတီ မြစ်ရေလျှံကာ ထိုငါးရာဖျားရွာကို ရေတိုက်စားပြီး သေသူသေ၊ မျောသူမျောနှင့် ဒုက္ခပင်လယ်ဝေတော့၏။

ထိုအခါကျမှ မောင်နိုးဟောကိန်း မှန်လေခြင်းဟု နောင်တရသူက ရ၊ ချီးမွမ်းသူက ချီးမွမ်းနှင့် တစ်ယောက်ကစ တစ်ရာဆိုသလို ထိုသတင်း မြို့တွင်းသာမက နန်းတွင်းထိ ရောက်လာပြီး ဘိုးတော်မင်းတရား ကြားသိလေရကား မောင်နိုးသည် ထက်

မြက်သော ပညာရှိ၍ “အယူတော်မင်္ဂလာ”ဟူသော ဘွဲ့နှင့် စားတောင်မြို့ကို စားစေ၊ ငါ၏ အပါး၌လည်း ခစားစေဟု အမိန့်တော်မှတ်ကာ အမတ်အရာသို့ ချီးမြှောက်လိုက်လေသည်။

## အယူတော်မင်္ဂလာကို ပညာစမ်းခြင်း

အယူတော်မင်္ဂလာ၏ ဂုဏ်သတင်းသည် ဟိုးလေတကျော် ဖြစ်လာ၏။ ထို့ကြောင့် ပုဏ္ဏားဝန်ကြီးတစ်ဦးဖြစ်သူ ရာမာကရစ္စနားသည် အယူတော်မင်္ဂလာကို ပညာစမ်းလိုသောကြောင့် အဆောင်စောင့်တစ်ဦးအား ကြွက်ဖြူတစ်ကောင်ကို ဗန်းဖြင့်ထည့်၍ ကွမ်းအစ်ဖုံးအုပ်ယူခဲ့ရန် တိတ်တဆိတ် မှာကြားလိုက်လေသည်။

အဆောင်စောင့်ကလည်း မှာကြားသည့်အတိုင်း ဆောင်ရွက်ကာ ဝန်ကြီးရှေ့တော်သို့ ချထားပေးလေသည်။ ဝန်ကြီးရာမာကရစ္စနားသည် အယူတော်မင်္ဂလာကို လွှတ်တော်ပေါ်သို့ ကြွရောက်ရန် လုလင်တစ်ဦးအား စေခိုင်းလိုက်လေသည်။ လွှတ်တော်ပေါ်၌ ရာမကရစ္စနားနှင့်အတူ အတွင်းဝန်ကြီးနှင့် အရှေ့ဝန်းတော်မှူးတို့ ရောက်ရှိနေရာယူနှင့်ကြပြီး အယူတော်မင်္ဂလာကို ပညာစမ်းရန် ညှိနှိုင်းတိုင်ပင်နေကြသည်။

မကြာမီ အယူတော်မင်္ဂလာသည် လွှတ်တော်ပေါ်သို့ ရောက်ရှိလာသည်။ ထိုအခါပုဏ္ဏားဝန်ကြီး ရာမကရစ္စနားက-

“အမှာတော်ရေးမင်းသည် အသက်ငယ်ရွယ်သော်လည်း ရရှိထားသော ရာထူးဌာနန္တရမှာ မသေးငယ်ပါ၊ လခရိက္ခာနှင့် တကွ

နေမျိုးလေခပျံ့ချိန်နှင့် အယူတော်မင်္ဂလာဘွဲ့ရပြန်၍ ပညာအရာမှာ လဲ အထူးပြောဖွယ်ရာမရှိပါ၊ သို့သော် သတင်းစကားနှင့် လက်တွေ့ခြားနားမှု ရှိမရှိသိရန် ခက်နေပါသည်။ ယခု လွှတ်တော်ပေါ်၌ ဂုဏ်သရေရှိ ပုဂ္ဂိုလ်များ ရှေ့မှောက်တွင် အထင်အရှား ပညာပြနိုင်ပါကပြပါ. . . "ဟု ပြော၏။

အယူတော်မင်္ဂလာက. . .

"ယခုလို ပညာရှိဝန်မင်းများရှေ့မှောက်၌ ပညာစွမ်းပြရသည်ကို ဝမ်းမြောက်ဂုဏ်ယူပါသည်၊ မည်သည့်သော ပြဿနာမေးလိုပါသနည်း" ဟု ပြန်လည်ပြောဆို၏။

ဝန်ကြီးရာမာကရစ္စနားက ဟန်ပါပြုံးတဲ့ပြီး. . .

"ဟောဒီကွမ်းအစ်ဖုံးအတွင်း၌ အဘယ်အရာရှိပါသနည်း" ဟု မေးလေတော့သည်။

အယူတော်မင်္ဂလာသည် ဝန်ကြီးရာမာကရစ္စနားရှေ့မှောက်၌ ရှိသော ကွမ်းအစ်ဖုံးကို သေချာစူးစိုက်စွာ ကြည့်ရှုလိုက်လေသည်။

အယူတော်မင်္ဂလာသည် ဤသို့ အောက်မေ့၏။ မိမိနန်းတော်သို့အလာ အတွင်းဝန် ဦးပေါ်ဦးအိမ်ဝင်းအနီး၌ ဘေးမဲ့ဝက်မကြီးတစ်ကောင် သားမွေးနေသည်ကို နိမိတ်လက္ခဏာ ကောက်ယူလိုက်ပါသည်။

ထို့ကြောင့် ကွမ်းအစ်ဖုံးအတွင်း၌ သက်ရှိသတ္တဝါပင်ရှိမည်။ တစ်ဖန် မိမိလမ်း၌ ဝက်သတ္တဝါကိုတွေ့ရ၍ ဝက်နှင့်တူသော အရာသည် ဆင်ရှိသည်။ ကြွက်လည်းရှိသည်။ သို့သော် ဤကွမ်းအစ်အဖုံးအတွင်း၌ ဆင်တော့မဖြစ်နိုင်၊ ကြွက်သာဖြစ်နိုင်မည်

ဟု တွက်ဆကာ "ဤကွမ်းအစ်အဖုံးအောက်၌ ကြွက်သတ္တဝါ ရှိပါသည်" ဟု ဟောလိုက်လေသည်။

ဝန်ကြီးရာမာကရစ္စနားသည် ဧကန်မပြောနိုင်ဟု တွေးထင်မိခဲ့ရာမှ "ဒက်ထိ" မှန်စွာ ပြောနိုင်သည်ကို ကြားလိုက်ရသဖြင့် ပါးစပ်အဟောင်းသား ဖြစ်သွား၏။

အယူတော်မင်္ဂလာသည် မိမိဟောသည့်အတိုင်း မှန်ပြီဟု သိရသဖြင့် အားတက်လာကာ မိမိ နံနက်က ဝက်မကြီးကိုတွေ့ခဲ့ရစဉ်က ပထမ မိမိနှင့်မတွေ့မီက ဝက်ကလေးတစ်ကောင် မွေးပြီးပြီဖြစ်၏။ ယခု မိမိရှေ့မှောက်တွင် နောက်ထပ် ဝက်ကလေး တစ်ကောင် မွေးပြန်ရာ စုစုပေါင်း (၂) ကောင် ဖြစ်၏။ တစ်ဖန် ဝက်မကြီးနှင့် ပေါင်းပါက သုံးကောင်ဖြစ်သည်ကို တွက်ဆ၍. . .

"သုံးကောင်" ဟု ရဲရဲတင်းတင်း ပြောချလိုက်လေသည်။

ပုဏ္ဏားဝန်ကြီး ရာမာကရစ္စနားနှင့် အရှေ့ဝင်းတော်မှူးနေမျိုးသူရ၊ အတွင်းဝန်မင်းကြီး မင်းခေါင်ကျော်ထင်တို့သည် မှားပြီဟူသောအကြည့်နှင့် အယူတော်မင်္ဂလာကို သရော်ပြုံးပြုံးလိုက်လေသည်။

မိမိကိုယ်တိုင် ထည့်ယူခဲ့သော အဆောင်စောင့်သည်လည်း အယူတော်မင်္ဂလာကိုကြည့်ရင်း ပြုံးနေသည်။ ဝန်ကြီးကရစ္စနားက. . .

"အယူတော်မင်္ဂလာလေး၊ ဒီတစ်ခါတော့လွဲပြီ၊ နောက်ထပ်ပြင်ပြောပါဦး" ဟု ဆိုသည်။

အယူတော်မင်္ဂလာက. . .

"ကျွန်တော်၏ တွက်ဆချက်ဟာ ဧကန်ဖြစ်ပါတယ်၊ ပြင်ပြောရန် အကြောင်းမရှိပါ" ဟု ပြန်လည်ပြောလိုက်လေသည်။

ထိုအခါ ဝန်ကြီးရာမာကရစ္စနားသည် မိမိက ထည့်ထားစေခဲ့သည်မှာ ကြွက်ကလေးတစ်ကောင်သာ အမှန်ဖြစ်လေရာ ယခုဖွင့်လိုက်လျှင်လည်း ကြွက်တစ်ကောင်သာ ထွက်လာသည်ကို မြင်ရမည်ဖြစ်သဖြင့် အဆောင်စောင့်အား ဖုံးအုပ်ထားသော ကွမ်းအစ်ကို ဖွင့်ရန် ညွှန်ကြားလိုက်လေသည်။

အဆောင်စောင့်မှာ ကွမ်းအစ်ကို ဖွင့်လှစ်လိုက်သောအခါ ကြွက်မကြီးတစ်ကောင်နှင့် ကြွက်ကလေးနှစ်ကောင် ပေါင်းသုံးကောင်ကို အံ့သြစွာတွေ့လိုက်ရတော့၏။ ပုဏ္ဏားဝန်ကြီးရာမာကရစ္စနားလည်း မျက်နှာပျက်သွား၏။

ကြွက်တစ်ကောင်ကို ဖုံးအုပ်ထားစဉ်က ကြွက်မ၌ မျိုးပါလာရာ ဖုံးအုပ်ထားသည့်အခိုက် အချိန်စေ့၍ ကြွက်ကလေးနှစ်ကောင်မွေးနေသောကြောင့် သုံးကောင်ဖြစ်လာခြင်းဖြစ်ရာ အယူတော်မင်္ဂလာ နန်းတော်သွားလာစဉ်က လမ်း၌တွေ့မြင်ခဲ့ရသော ဝက်မကြီးမွေးသည့် နိမိတ်နှင့် ထပ်တူထပ်မျှ ဖြစ်နေလေတော့၏။

## ဗေဒင်ပညာနှင့်နိမိတ်

တစ်ခါတုန်းက ဗေဒင်အရာ၌ တစ်ဖက်ကမ်းခတ်သော ဗေဒင်ပညာရှိကြီးတစ်ဦးထံ၌ ဗေဒင်အတတ် နက္ခတ္တအတတ် ဝေဒပညာများ သင်ကြားတတ်မြောက်ပြီး မိမိတို့ဌာနေအရပ်သို့ ပြန်လာ

ကြသော ဗေဒင်ဆရာလူငယ်နှစ်ယောက်သည် တစ်ခုတည်းသော ရွာတစ်ရွာ၏ တံခါးဝရှိ ဇရပ်ပေါ်၌ အမောပြေ တစ်ထောက် နားနေကြသည်။

ထိုအခိုက် ရွာထဲမှ အမျိုးသမီးတစ်ယောက် ထွက်လာသည်။ ဇရပ်အနီးသို့ရောက်သောအခါ၊ အမျိုးသမီးက. . .

"မောင်ကြီးတို့က ဘယ်ကလဲ" ဟု မေး၏။

"တို့က ဗေဒင်ပညာသင်ပြီး ပြန်လာကြတာ" ဟု ဖြေ၏။

"သြော်. . . ဗေဒင်ဆရာတွေကိုး၊ ဒါဖြင့် မောင်ကြီးရယ် ကျွန်မ ဗေဒင်မေးပါရစေ၊ တွက်ပေးစမ်းပါ"

ဟု ပြောဆိုကာ ဇရပ်ပေါ်သို့ တက်ထိုင်၏။

"ကဲ. . . ဘာဟောပေးရမှာလဲ ပြော"ဟု ပထမ ဗေဒင်ဆရာက မေး၏။

"ဒီလိုပါ မောင်ကြီးရယ်၊ ကျွန်မယောက်ျား ခရီးထွက်သွားတာ သုံးလကျော်ပါပြီ၊ ခုထိလဲ အိမ်ပြန်မရောက်လာတာကြောင့် သေသလား၊ ရှင်သလား ကြည့်ပေးစမ်းပါ"

ပထမဗေဒင်ဆရာက ခုနှစ်သက္ကရာဇ်တို့ကိုမေး၍ ဗေဒင်တွက်လေတော့၏။ ပထမဗေဒင်ဆရာသည် တွက်ချက်၍ပြီးသောအခါ ဝမ်းပန်းတနည်းဖြင့် ဤသို့ဟောလေသည်။

"ခင်ဗျားယောက်ျား မွေးဇာတာအရ ကံကုန်ပြီ၊ အသက် မရှိတော့ဘူး သေပြီ" ဟု ဟော၏။

"ဟုတ်လား မောင်ကြီး၊ ဘယ်မှာသေတာလဲဟင်၊ ဘာကြောင့် သေတာလဲ"

အမျိုးသမီးက တုန်လှုပ်စွာဖြင့် ပြန်လည်မေးမြန်းသောအခါ ဗေဒင်ဆရာ. . .

"အဲဒါတော့ ကျုပ်မပြောတတ်ဘူး၊ သေတာကတော့ အမှန်ပဲ" ဟု ဖြေ၏။

ဒုတိယဗေဒင်ဆရာက

"ကျုပ်နှမ ဒီဘက်လာပါ"

အမျိုးသမီးက ဒုတိယဗေဒင်ဆရာအနီး သွားထိုင်သောအခါ. . .

"ကျုပ်နှမယောက်ျား သေတာဟာ ကျားကိုက်လို့ သေတာဗျ၊ ဘယ်မှာသေသလဲဆိုရင် ဒီကနေ တောင်စူးစူးကိုသွားပါ၊ ရေကန်အနီးမှာ အလောင်းတွေ့လိမ့်မယ်" ဟု ဟောလိုက်၏။

ဗေဒင်မေးသော အမျိုးသမီးသည် ဒုတိယဗေဒင်ဆရာ ဟောသည့်အတိုင်း တောင်စူးစူးအရပ်သို့ သွားရောက်ရှာဖွေရာ ရေကန်အနီး၌ မိမိ၏လင်ယောက်ျား ကျားကိုက်ခံရသောဒဏ်ရာများနှင့် သေနေသည့်ကို တွေ့မြင်ရသည်။ လင်ယောက်ျား၏အလောင်းကို ကောင်းစွာသင်္ဂြိုလ်ပြီး မိမိအား ဗေဒင်ဟောပြောပေးသော ဗေဒင်ဆရာများအနက် ပထမဗေဒင်ဆရာကို ငွေစနည်းနည်း ကန်တော့၍ ဒုတိယဗေဒင်ဆရာကို ငွေစများများ ကန်တော့လေတော့သည်။

ငွေရနည်းသော ပထမဗေဒင်ဆရာသည် မကျေမနပ် ဖြစ်သွား၏။ ဗေဒင်ပညာကို ဆရာတစ်ဦးတည်းထံ၌ အတူတူပညာသင်ကြားခဲ့ပါလျက်နှင့် သူက ဘာကြောင့် ယခုလို ဟောနိုင်ရသနည်းဟုဆိုကာ မကျေမနပ်ဖြစ်လျက် ပညာသင်ပေးလိုက်သော ဗေဒင်ဆရာကြီးထံ ပြန်သွားကြ၏။

ပထမဗေဒင်ဆရာက ဆရာကြီးအား ဖြစ်ပုံပျက်ပုံ အလုံးစုံကို ပြောပြလိုက်လေသည်။ ဆရာကြီးလုပ်သူလည်း အံ့ဩဘနန်း ဖြစ်သွား၏။

ထို့ကြောင့် ဒုတိယ ဗေဒင်ဆရာကို. . .

"နေပါဦးကွ၊ မင်းက အဲဒီလူ ကျားကိုက်ခံရတယ်၊ တောင်စူးစူးကိုသွား ရေကန်အနီးမှာ အလောင်းရှိလေရဲ့ လို့ ဟောနိုင်တာ ဘာကြောင့်လဲ" ဟု မေးလေ၏။

"ဒီလိုပါ ဆရာကြီး၊ သူ ဗေဒင်ဟောနေတုန်း ရွာထဲက ကြောင်တစ်ကောင်ဟာ ကြွက်ကလေးတစ်ကောင်ကိုချီပြီး မိုးရွာထားတဲ့ ရေအိုင်ကလေးအနီးမှာ ချသွားတာ မြင်လိုက်ရပါတယ်၊ ကြောင်ဟာ ကျားနဲ့ တူပါတယ် ခင်ဗျ၊ ကြွက်ကတော့ သူ့ယောက်ျား မွေးနေ့က တနင်္လာ ဆိုတာကြောင့် လာပြီး တိုက်ဆိုင်နေပါတယ်၊ မိုးရွာထားတဲ့ ရေအိုင်ကလေးကို ရေကန်လို့ နိမိတ်ဖတ်လိုက်ခြင်း ဖြစ်ပါတယ်" ဟု ရိုသေစွာ ပြောပြပါသည်။

ထိုအခါ ဗေဒင်ဆရာကြီးက. . .

"အေး. . . ဟုတ်တယ်၊ တို့ကတော့ ဗေဒင်ရယ်လို့ သင်ရိုးကြီးအတိုင်း သင်ပေးလိုက်တာပဲ၊ တပည့်လုပ်တဲ့သူက ဉာဏ်ရှိသလို

အတိတ်တို့ နိမိတ်တို့ ကောက်ယူပြီး ဉာဏ်ရှိသလို အသုံးပြုကြရမယ်၊ ဒါမှလဲ ပိုမိုတိကျပြည့်စုံမှာပေါ့ကွယ်” ဟု မိန့်ကြားသောဟူ၏။

## သံချိုဆရာမောင်းထောင် ဦးကျော်လှ

မုံရွာခရိုင်၊ ဘုတလင်မြို့နယ်၊ မောင်းထောင်ရွာနေ ဦးတောင်ရိပ်၊ ဒေါ်မင်းအိတို့မှ သက္ကရာဇ် ၁၂၀၃ ခုနှစ်၊ သီတင်းကျွတ်လပြည့်နေ့၊ ဗုဒ္ဓဟူးနေ့တွင် ဦးကျော်လှကို ဖွားမြင်ပါသည်။

ငယ်စဉ်က ရွာဦးဘုန်းတော်ကြီးထံတွင် စာပေပညာ သင်ကြားခဲ့သည်။ အသက် (၁၄) နှစ်သား အရွယ်တွင် ရှင်သာမဏေပြု၍ သာမဏေဘ၀တွင် လေးနှစ် (လေးဝါတိုင်တိုင်) စာပေပိဋကတ်တို့ကို သင်အံလေ့ကျင့်ခဲ့သည်။ ထို့နောက် ကိုရင်ဘ၀မှ လူထွက်ကာ စာဆိုတော်ပညာရှိ ဦးမြတ်ဝင်းထံတွင် ၂-နှစ်တိုင်တိုင် ကဗျာလင်္ကာ ရေးသားဖွဲ့ဆိုခြင်းအတတ်ပညာကို ဆည်းပူးခဲ့သည်။ အသက် (၂၁) နှစ်တွင် ရုပ်သေးစင်၌ သံချိုဆရာအဖြစ် ဆောင်ရွက်ခဲ့သည်။

ဦးကျော်လှ အသက် (၄၄)နှစ် အရွယ်တွင် ထီးကျိုးစည်ပေါက် မင်းပါပျောက်ရသည့် ပါတော်မူအရေးတော်ပုံနှင့် ရင်ဆိုင် တွေ့ကြုံခဲ့ရလေသည်။

မြန်မာလူမျိုးတို့သည် ကိုယ့်ဘုရင်သခင်ကို အလွန်ချစ်ခင်သောလူမျိုးဖြစ်သည်။ ကိုယ့်ဘုရင်၊ ကိုယ့်သခင်က မည်မျှပင် ဒုက္ခပေး

စေကာမူ ခွင့်လွှတ်တတ်သည်။ သီပေါဘုရင် အရှင်နှစ်ပါးကို အင်္ဂလိပ်စစ်တပ်က ဖမ်းဆီးခေါ်ဆောင်သွားကြသောအခါ မြေမှာ လူးလိုမ့်၍တစ်မျိုး၊ ရင်ဘတ် စည်တီး၍တစ်ဖုံ ငိုကြွေးကြသည်။ ကြေကွဲဝမ်းနည်းကြသည်။

ဖြစ်လိုရာဖြစ် အနိုင်မခံ၊ အရှုံးမပေးသော စိတ်ဓာတ်ဖြင့် မင်းကြီးရွှေလရောင်ခေါ် ဦးမင်းရောင်၊ ဝန်းသိုစော်ဘွားကြီး ဦးအောင်မြတ်၊ ဗိုလ်ရာညွန့်၊ ဗိုလ်ချို စသော ပုဂ္ဂိုလ်အတော်များများတို့က လက်နက်ကိုင်၍ အင်္ဂလိပ်အစိုးရကို ပြန်တိုက်ခဲ့ကြသည်။

အနုပညာရှင်ကြီးတစ်ဦးဖြစ်သော ဦးကျော်လှကလည်း မိမိပိုင်နိုင်သော အနုပညာလက်နက်ဖြင့် အခါအားလျော်စွာ ထိုးနက်ရန် အခွင့်ကို စောင့်ဆိုင်းနေခဲ့သည်။

သံချိုဆရာ ဦးကျော်လှသည် ရုပ်သေးစင်ဖြင့် လှည့်လည်ပြသရင်း အရှင်နှစ်ပါး ပါတော်မူသည့်အကြောင်း၊ လက်ာပတ်တန်းစာများကိုလည်းကောင်း ရွတ်ဆိုပြောဖတ်လေတော့သည်။ မြန်မာတို့ယုံကြည်သော သိကြားသိုက်၊ ဘုရားသိုက်၊ ငမှန်ကင်းသိုက် စသည့် သိုက်ကားများစွာကို ရွတ်ဆို၍လည်း မြန်မာတို့၏ စိတ်ဓာတ်ကို အားပေးခဲ့သည်။

စနေဂြိုလ်သည် ကမ္ဘာကြီးကို ဒုက္ခပေးသည်။ လူတွေကို ဒုက္ခပေးသည်။ စနေကြယ် မကြာမီ နေကွယ်၍ မိုက်တော့မည် စသည့် စကားတို့ဖြင့် စနေနံ ပါပလူမျိုးဖြစ်သည့် အင်္ဂလိပ်တို့ကို ထိုးနက်သည်။

ဥက္ကာပျံခြင်း၊ တော်လဲခြင်း၊ ကြယ်တံခွန်ထွက်ခြင်း၊ မြေလှုပ်ခြင်း၊ ကောင်းကင်တစ်ပြင်လုံး နီရဲခြင်း စသည့် အတိတ်နိမိတ်များကိုလည်း မကြာခဏ ဖြစ်ပေါ်တတ်လေရာ ဦးကျော်လှသည် ထိုအတွက် ဖြစ်တတ်သော အကျိုးအပြစ်တို့ကို သံချိုဖြင့် ရှင်းလင်းသတိပေးတတ်သည်။ ရောဂါဥပဒ်ဆိုးကျရောက်တတ်သည်။ အဂ်ိနံ ဆန်၊ ဆီ ပျောက်တတ်သည်။ လက်နက်ဘေး၊ ငတ်မွတ်ခေါင်းပါးခြင်းဘေး ကျရောက်တတ်သည် စသည်ဖြင့် နှိုးဆော်တတ်သည်။

အချုပ်အားဖြင့်ဆိုလျှင် မိစ္ဆာဒိဋ္ဌိ ပါပမင်း လက်ထက်တွင် အကောင်းတစ်ခုမျှ မဖြစ်။ အဆိုးချည်းသာ ဖြစ်သည်။ ဤအဖြစ်ဆိုး အားလုံးသည် မြတ်စွာဘုရားဟောသည့် ဘဏ္ဍာတိန္နကဇာတ်အရဆိုလျှင် အုပ်ချုပ်သူမင်းအပေါ်၌သာ တည်သည်။ မင်းတို့၏ မင်းကျင့်တရား ဆယ်ပါး၊ သင်္ဂဟ တရား လေးပါး၊ နာယကဂုဏ် ခြောက်ပါး၊ အပရိဟာနိယတရား ခုနစ်ပါး စသည့် တရားများ ရှိရမည်။ မရှိလျှင် တိုင်းသူပြည်သားအများ ဒုက္ခရောက်တတ်သည်ဟု မြန်မာ့ရိုးရာအတိုင်း ဦးကျော်လှ ယုံကြည်ခဲ့သည်။

ဤသို့ မိမိအရှင်သခင်ကို တမ်းတရင်း တဘောင်စကား၊ သိုက်စကားတွေနှင့် လူအများကို တရားချရင်း သံချိုဘ၀ဖြင့် ဆင်းရဲငြိုငြင်စွာ အသက်မွေးနေခဲ့လေသည်။

ဦးကျော်လှ အသက် (၆၀) သာသာတွင် ထိုစဉ်က အသက် (၂၀)ခန့်သာရှိသေး၍ တစ်ဟုန်ထိုး နာမည်ကြီးလာသည့် မင်းသား ဂရိတ် ဦးဖိုးစိန်နှင့် သိကျွမ်းခင်မင်ရလေသည်။ ဦးဖိုးစိန်

သည် ဆရာကြီး ဦးကျော်လှအား မိဘသဖွယ် လေးလေးစား စား ဆည်းကပ်ကိုးကွယ်၍ ပညာယူခဲ့သည်။ ဦးဖိုးစိန်အား ဇာတိ သဘင်ပညာများကို သင်ကြားပြသပေးခြင်း၊ ဇာတ်အလင်္ကာ များကို ရေးသားပေးခြင်း၊ တစ်ဆယ့်နှစ်ရာသီဘွဲ့ ကဗျာများကို ရေးသားပေးခြင်းတို့ဖြင့် အကျိုးပြုလေသည်။

ထိုစဉ်က ဗြိတိသျှနိုင်ငံတွင် ဝိတိုရိယဘုရင်မကြီး မကွယ်လွန် သေးချေ။ ဦးကျော်လှသည် မည်သည့်နက္ခတ်ကိန်းကိုမြင်လေသည် မသိ။ "ဘိလပ်စံတပ် ခံမြဲပဲ့မလား၊ ပွဲခြောက်ခုစွန်း" ဟူသော သံချိုစပ်လိုက်ရာ တစ်မုဟုတ်ခြင်း ပျံ့နှံ့ကျော်ကြားသွားလေ သည်။

ထိုသံချိုကဗျာသည် အရှင်သခင်များကို တိုက်ရိုက် ထိခိုက် သည်၊ အစိုးရအလိုတော်ရိမျာက မျက်နှာဖြူအရှင်များကို သွား ရောက်လျှောက်တင်ရာ အစိုးရသည် မန္တလေးမြို့၌ နေသော ဦးကျော်လှအား ဖမ်းဆီး၍ ရန်ကုန်သို့ ခေါ်ဆောင်စေခဲ့လေ သည်။

လူအများ လှုပ်လှုပ်ရွရွဖြစ်သွားပြီး ဇာတ်သဘင် လောက တွင်လည်း တုန်လှုပ်ချောက်ချားသွားသည်။ ဦးကျော်လှအား ခင်မင်ကြသော ဇာတ်သဘင်ပညာရှင်ကြီးများ စုဝေး၍ ဦးဖိုး စိန်အား ဤကိစ္စကို ဆောင်ရွက်ရန် ဝိုင်းဝန်းတောင်းပန်ကြလေ သည်။

ဦးဖိုးစိန်သည် မျက်နှာဖြူ အရာကြီးများနှင့် အကျွမ်းတဝင်ရှိရကား ချက်ချင်းပင် ရန်ကုန်သို့လိုက်၍ မိမိ ကြည်ညိုလေးစားသော ဆရာကြီး ဦးကျော်လှ လွတ်မြောက်ရေးအတွက် ဧရာဝတီတိုင်း မင်းကြီး မစ္စတာစတီးဝါဒ်ထံသို့ သွားရောက်ပြောဆိုလေသည်။

ပညာရှိကြီးတစ်ဦးဖြစ်သော ဦးကျော်လှကို ယခုကဲ့သို့ ဖမ်းထားခြင်းမှာ မသင့်ကြောင်း၊ နေမြင်သဖြင့် နက္ခတ်ဗေဒင်ပညာကို တတ်မြောက်သူဖြစ်၍ မည်သည့် အခါတွင်ဖြစ်မည်၊ မည်သို့ဖြစ်ခဲ့ဖူးသည်ဆိုသည့် အကိုးအကား အထောက်အထားများကိုသာ တင်ပြခိုင်းသင့်ကြောင်း အကြံပေးလေသည်။

အစိုးရက ဦးကျော်လှအား ကျမ်းဂန်အထောက်အထား တင်ပြပါဟု ပြောရာ ဘိုးတော်မင်းတရားကြီး လက်ထက်က မောင်းထောင်သာသနာပိုင် လထွက်ဆရာကြီး မဟာဓမ္မသင်္ကြန် ရေးသည့် နေမိတ္တက ဝိဇ္ဇာကျမ်း ပေမူကို တင်ပြလိုက်ရသည်။ ဦးကျော်လှ ထောင်မှလွတ်သည်။

နေမိတ္တက ဝိဇ္ဇာကျမ်းတွင် စနေဂြိုလ် မူလနက္ခတ်ပေါ်သို့ ရောက်လျှင် ဆိုးသည်ကို လျှောက်ထားရာ သာသနာပိုင်က စနေဂြိုလ် စနေနက္ခတ်ပေါ်သို့ ရောက်သော်လည်း အကောက်မသွားက မထောင်းသာ၊ အကောက်သွားလျှင် ဆိုးတတ်ကြောင်းကို အမိန့်ရှိ၍ ဤကိန်းမျိုး အကြုံတွင် ပုဂံစောလူးမင်း၊ ပုဂံမင်းခွေးချေး၊ ပင်းယငါးစီးရှင်ကျော်စွာ၊ စစ်ကိုင်းငါးထပ်ဒါယကာ၊ မင်းရဲရန္တမိတ်၊ ဟံသာဝတီရောက်မင်း၊ ကုန်းဘောင်

ငစဉ့်ကူးမင်းတို့ ဤကိန်းနှင့် အကြုံတွင် ပျက်စီးကြကြောင်း ကို အမိန့်ရှိသည်။

ထို့နောက် မင်းတုန်းမင်းလက်ထက် ၁၂၂၈ ခုနှစ်၊ အရေး တော်ပုံမြင်ကွန်းမင်း လုပ်ကြံ၍ မင်းတုန်းမင်း ညီတော် အိမ်ရှေ့ မင်း အနိစ္စရောက်သည်ကိုမူ သံချိုဆရာက လက်တွေ့ထပ်ဆင့် ဖော်ပြသည့်ပြင် ၁၂၆၀ ခုနှစ်ကျော် တစ်ခိုတွင် ဤကိန်းကြုံပြန် ၍ အင်္ဂလိပ် ဝိတိုရိယ ဘုရင်မကြီးအတွက် စိုးရိမ်ရကြောင်း၊ ဘုန်းကြီးသော ဘုရင်မကြီးဖြစ်၍ ပြေငြိမ်းတန်ကောင်းကြောင်း၊ သို့ရာတွင် နောက်နောင်ကတော့ဖြင့် ရှင်ဘုရင်များ ခန္ဓာပြောင်း နေကျ ကိန်းဖြစ်ကြောင်း ဖော်ပြပါရှိလေသည်။

ဦးကျော်လှက "တစ်ဆယ့်နှစ်ရာသီ လှည့်ကာရုန်းလို့ လသုံး ဆယ့်တစ်ခွင် နေခဲ့" စသည့် သံချိုကို ထပ်မံရေးသား၍ပေးသည်။ မကြာမီ ဗြိတိသျှနိုင်ငံ ဝိတိုရိယ ဘုရင်မကြီး နတ်ရွာစံလေသည်။

## ထိန်းတွေ့လျက်ငြား

တစ်ဆယ့်နှစ်ရာသီ လှည့်ကာရုန်းလို့၊ **လသုံးဆယ့်တစ်ခွင်** နေခဲ့၊ နှစ်ပေါင်းရေ သုံးဆယ်ကျလျှင်ဖြင့် မူလစနေသို့ ပြိုဟ် စနေလွမ်းကာ စီးနေကျ နန်းတော်စံ ဘုရင်နှင့်၊ ရဟန်းကြီး ရှင်ပန်း၍ပင် ထိတ်စေဖို့ဒုမ္ဘိက္ခ ဆန်ရေရှားတတ်တဲ့ များလူတို့ သိစေရန်။

ပူရပြည်သည် စံပျော်သည်၊ မြတ်ဘိုးတော် ဇကေရာဇ်ရယ်က၊ ခြေပြစ်စွာ စာရခိုင်နှင့်၊ သာသနာပိုင် မောင်းထောင်ကြီးသို့၊ ခိုမိုးကာ ပုစ္ဆာလျှောက်တော့ အကောက်ရယ်မကြံလို့ မဖောက်ပြန် လမ်းမှန်သွားလျှင်ဖြင့်၊ နဂါးဝယ် ကြယ်မူလနှင့်၊ တူမျှကာ စနေညီစေတော့၊ ပြောင်ရန်တယ်မဖြုံသင့်ဘု **နိယတုံ သီဟဇာ** နှင့် **ဗျဂ္ဃစာ** ဝဂ္ဂါကျင့်လျှင်ဖြင့် ဘနှင့်ပင် အညီဖြစ်တတ်တဲ့၊ ဤနှစ်တွင် ဝါဆိုဦးက နှစ်စနေဂဟေပူးမိမှ ထွေထူးကာ နောင်ကို ကြံပြန်ခဲ့ကျားစာတုံ့ပြန်။

သည်ဂြိုဟ်ကြယ်သည်ကိုရောက်လျှင်ဖြင့် ပြည်ပေါက်ကုံ တရုတ်ပြေးတဲ့မင်းခွေးချေး နတ်ရွာကူးသည့်ပြင်၊ စောလူး နန်းစံကျခဲ့၊ ပန်းယမှာခံရှင်တဲ့ ငါးစီးရှင်ရာဇာ၏ သားကျော်စွာ ခန္ဓာကင်းစဉ်က၊ စီးနင်းသည့် ဂြိုဟ်ပါတဲ့၊ အင်းဝမြေသာသည့် တိုင်တွင်မှ စစ်ကိုင်းမှာ ကိုးကွယ်မှီးတဲ့ ငါးထပ်ကြီး ဒါယကာနှင့်မင်း သာယာဝတီရောက်ကဲ့ပြင်၊ ထို့နောက် စနေပူးတော့၊ စဥ့်ကူးစံရေသို့ ယွန်းရှာရ၊ မြင်ကွန်းစံ ပုန်ကန်ရေးက၊ ဘထွေးတော် အိမ်ရှေ့လောင်းတို့၊ ရွှေ့ပြောင်းကာ စနေထပ်စဉ်က ခေါင်းပြတ်၍ မြေမှာစံ ပြေနိုင်ငံလှုပ်ရှား

ခွင်ပြို့စွာ တန်ဆောင်မုန်းမှာတော့ နှစ်လုံးပြိုင်ယှဉ်တူပလို့၊ မူလစနေနှင့် ဂြိုဟ်စနေနှစ်ခု နှောကြလိမ့်၊ **ဥရောပါ ဒေသီ၏** ဇကေရီရာဇာက အဖြာဖြာ နိုင်ငံခြုံလျက်ကယ်မို့ ရန်သူပုန်ပြိုလို့ အေးတန်ရဲ့၊ ဟိုရှေးအစဉ်စဉ်က ရှင်ဘုရင် ခန္ဓာပြောင်းနေကျ၊

စာဟောင်းမှန် ကျမ်းဂန်ထွက်ရယ်နှင့်၊ ပြန်ဗျူ့ဌနောက်ကို
ရွှေ့ပါလိမ့် စတုံ့အကျန် မြို့ပြန်သည့် ဓလေ့ဟာမို့၊ စနေ
မသမာ ပြေတကာမွေ့နေကျ ကိန်းတွေ့လျက်ငြား။ ။

* * *

| | | |
|---|---|---|
| လသုံးဆယ် | = | စနေဂြိုဟ်သည် တစ်ရာသီလျှင် လပေါင်း သုံးဆယ်နေသည်။ |
| ဒုမ္ဘိကွံ | = | ဒုမ္ဘိက္ခန္တရကပ်၊ ငတ်မွတ်ခြင်း |
| သီဟဇာ | = | ခြင်္သေ့ကဲ့သို့ ရှေ့သို့တိုးတက်၍ သွားခြင်း |
| ဗျူ့ဌဇာ | = | ကျားကဲ့သို့ နောက်ပြန်၍ ရှေ့တက်ခြင်း |
| ဥရောပါဒေသီ | = | ဥရောပဒေသ၊ အနောက်နိုင်ငံ |
| ဇကေရီ | = | ကွင်းမေရီခေါ် ဘုရင်မကြီး |

* * *

ပြည်ထောင်စုမြန်မာနိုင်ငံ ယဉ်ကျေးမှု ဝန်ကြီးဌာန ယဉ်ကျေးမှု ဗိမာန် ဦးစီးဌာနမှ စီစဉ်ပုံနှိပ်သည့် "မောင်းထောင် ဦးကျော်လှ သံချိုကဗျာပေါင်းချုပ်" စာအုပ်တွင် သုတေသနမှူး ဦးအောင်သိန်း(နန်းညွန့်ဆွေ)က သံချိုဆရာကြီး မောင်းထောင် ဦးကျော်လှနှင့် ပတ်သက်၍ ဤသို့ ပြုစုရေးသားထားပါသည်။

. . . . . . ကောင်းကင်တစ်ခုလုံး သွေးကဲ့သို့ နီရဲနေသည်။ လူအများကလည်း မင်းပြောင်းမင်းလွဲကို မျှော်နေကြသည်။ ပြင်သစ်ပင် လာမည်လော၊ ဂျာမဏီပင် ရောက်လာမည်လော၊ တရုတ်ပင် လာမည်လော စသည်ဖြင့် ကောလဟလ သတင်းအမျိုးမျိုး ပြောဆိုနေကြသည်။

ဤသို့ မသင့်မတော် သတင်းများကို ပြောဆိုတမ်းတနေသူများကို ဦးကျော်လှသည် အမြင်ကပ်ဟန်တူ၏။ ထို့ကြောင့် "ကပ်မသမာ ဓာတ်ပါပဟာမို့၊ ကာလတစ်ကြိမ်ပျက်စဉ်က" အစချီသော သံချိုကဗျာဖြင့် လူအများကို ပညာပေးလိုက်သည်။

## အမေကျော် ဒွေးတော်မလွမ်းနှင့်

ကပ်မသမာဓာတ်ပါပတွင်မှ ကာလတစ်ကြိမ် ပျက်စဉ်က တိမ်တက်ခါ နီလို့ရဲခို၊ ဤနယ်တူသွင် နီညိုမို့၊ ယခင်လို ပျက်လိမ့်ဦးမည်လို့၊ ပြည်လုံးကုန် ပြောရှာကြပေငဲ့ ကောလဟက ဝစန်း။

ယိုးဒယားရယ်နှင့်၊ မျိုးခြားသူ ဘုရင်ဖြစ်လိမ့်မတဲ့၊ ပြင်သစ်မျှော်ကာတမ်းသူနှင့်၊ ဟောနန်းစံ ဥဒည်ဘွားငဲ့ပြင်၊ ရုရှားတွေ လာပြီကောရယ်လို့၊ ဇွတ်သမားတွေ မြန်ပြည်တစ်ကြောမှာ၊ ပြောရှာကြဆူလို့ည်း။

နွယ်မတူ ဘယ်လူမျိုးသော်မှ၊ အုပ်စိုးကာ နိုင်ငံချဲ့စေတော့၊ ကံမဲ့သူ ပျက်ပြိုယွင်းလို့၊ ကံရှိသူ ဂုဏ်ထင်လင်းပါလိမ့်၊ အရင်းဖြင့် ကံသာတံ၊ ဓမ္မခန်စီကုံး။

ကျောင်းကြီးစံ မထေရ်ရှင်က၊ ခေါင်းကျပ်အောင် ကျောင်းတွင် မျောက်ကိုလ တစ်ချက်ပင် ရက်စဉ်ခေါက်သတဲ့၊ ထိုမျောက်ငယ် စိတ်နာကြည်းလို့၊ ခင်ကြီးကို သေဆုတောင်းပြန်ခဲ့၊ နောက်ကျောင်းထိုင် ဦးပဥ္စင်းငယ်က၊ မြင်ပြင်းကာ နားထင်အက်အောင်ပ၊ နှစ်ချက်ပင် ရက်စဉ်ခေါက်ပြန်သတဲ့၊ ထိုနောက်မောင်ရှင်လာခဲ့လျှင် ပြန်မကြာ ခန္ဓာကြွေမည်ကြောင့်၊ မာပါစေ မေတ္တာပို့သည့်နှယ်၊ မြို့ဥဒည် ဂန္ဓာချုပ်ပေတဲ့ တရုတ်ခွေခွေ ဆံကျစ်ရယ်နှင့်၊ ပြင်သစ်လူ ဘယ်ရုရှားသော်မှ၊ တစ်ပါးဘုရင် သခင်မလိုဖြင့်၊ သနားမည် မထင်မှတ်ပါနှင့်၊ ဘိလပ်စံရှင်ဘုရင်ငဲ့ပြင်၊ မျောက်နှာအသွင် နောက်လာအရှင်ကို မထကြလေနှင့်၊ နှစ်ချက်ဆရာပင် သက်သာလှပြီကွယ်. . . အောက်မေ့ကြဦး။

ထိုသံချို၏ ဆိုလိုရင်းမှာ ဘုန်းတော်ကြီးကျောင်းတစ်ကျောင်းတွင် မျောက်ကလေးတစ်ကောင်ကို မွေးထားသည်။ ဘုန်းတော်ကြီးက ထိုမျောက်ကလေးကို တစ်နေ့လျှင် တစ်ခါ ထိပ်ခေါက်၏။ မျောက်ကလေး စိတ်နာ၍ ဘုန်းကြီးကို သေပါစေဟု ဆုတောင်းရာ မကြာမီ ထိုဘုန်းတော်ကြီး ပျံလွန်တော်မူသည်။

ထိုအခါ လက်ထောက်ဦးပဥ္စင်းက ကျောင်းထိုင်ဘုန်းကြီးတက်၍ ဖြစ်လေရာ မျောက်ကလေးအား တစ်နေ့လျှင် နှစ်ခါ

ထိပ်ခေါက်သည်။ ထိုအခါ မျောက်ကလေးက စဉ်းစားသည်။ ဦးပဥ္စင်းကို သေပါစေဟု ဆုတောင်းလိုက်က ကိုရင်ကြီးသည် ကျောင်းထိုင်ဘုန်းကြီး ဖြစ်လာပေမည်။ ထိုအခါ ယခုထက်ပင် ပို၍ ငါ၏ထိပ်ကို ခေါက်လေတော့မည်။ ထို့ကြောင့် ကိုရင်ကြီး မာနိုင်အောင် ဦးပဥ္စင်းကိုပင် မာပါစေ မာပါစေဟု ဆုတောင်းနေရသည့်အကြောင်းကို ဖွဲ့ဆိုထားခြင်း ဖြစ်ပေသည်။

ယခု အင်္ဂလိပ်အစိုးရက နှစ်ချက်ခေါက်လျက် ရှိသည်။ မတော်တဆ နောက်အစိုးရများ တက်လာလျှင် အချက်ပေါင်းများစွာ ခေါက်ပေလိမ့်မည်။ ထို့ကြောင့် လောလောဆယ်ဆယ်အားဖြင့် အင်္ဂလိပ်အစိုးရကိုပင် ထောက်ခံမှ သင့်မည်။ အမေကျော် ဒွေးတော်လွမ်းသည့် ကိစ္စများကို ပယ်ရှားသင့်သည်ဟု ဆိုလိုရင်း ဖြစ်ပါသည်။

ဤကဗျာ ပုံပြင်ကလေးသည် လူတို့၏ စိတ်နှလုံး၌ အတော်စွဲမြဲနေလေသည်။ ဒုတိယကမ္ဘာစစ်ကြီးဖြစ်၍ မြန်မာနိုင်ငံတွင်းသို့ ဂျပန်များ ဝင်ရောက်လာသောအခါ ဂျပန်အစိုးရအရာရှိကြီးအချို့က ဤပုံပြင်နှင့် ဤကဗျာအကြောင်း မေးမြန်းစုံစမ်းခြင်းပြုသည်ဟု အချို့လူကြီးများက ပြောသည်ကို ကြားရဖူးပါသည်။

ဦးကျော်လှသည် မြန်မာနိုင်ငံ၏ ဓားလုံ့၊သေနတ် လက်နက်ဘေးဆိုက်ရောက်လိမ့်မည်။ လူတွေ ဒုက္ခများလိမ့်မည် အကြောင်း သံချိုတစ်ပုဒ် ရေးသည်။ ထိုအခါ ဆိုင်ရာ အရာရှိကြီးများက

ယခင်ကလို ဖမ်းဆီးခြင်းမပြုတော့ဘဲ မည်သည့်အခါတွင်ဖြစ်မည်ကို ထပ်မံ၍ အတိအကျ အမိန့်ရှိပါဟုဆိုသဖြင့် သက္ကရာဇ်တွက်စစ်ကာ နောင်ကိုမျှော်ရလျှင် တစ်ထောင်ပေါ် နှစ်ရာလွမ်းပါလိုကျော် ကိုးဆယ်နှစ်ခုစွန်းလျှင်လ၊ မြန်မာပြည်နယ်တစ်ဝှမ်းမှာ လမှတ်ရန် သတ္တန်နှင့် မွန်းပါလိမ့် ညွှန်းတဲ့ဤစာ။ ဟူသော သံချိုကို ရေးခဲ့ကြောင်း ရှေးလူကြီးများက ပြောဆိုကြသည်။

ဦးကျော်လှသည် မိမိ၏ မျက်မှောက်ခေတ်တွင် မြင်တွေ့နေရသည့် အကြောင်းများကို အကျိုးအပြစ်ပြ၍ ဟောဆိုတတ်ရုံသာမက မရောက်သေးသော နောင်အနာဂတ်အတွက်လည်းကြိုတင် ဟောကိန်းထုတ်တတ်သေးသည်။

နံမိတ်ထူးပုံက၊ ဟိတ်ကြူးကဗွေယံအဇ္ဈာ၌ ငွေစန္ဒာခန်းယုန်မင်းရယ်နှင့်၊ ကြွက်မင်းရယ်ဥဇ္ဈာဂူတို့ ပုံအတူလာ၍ ထပ်ပြန်တော့ စွန်းဒသဤအခါ၊ ပြည်ရွာကငြိမ်းအေး။ သမိုင်းမှတ်ပုံက၊ တိုင်းရပ်မှာရာဘုရင်တို့ ကမ္ဘာတွင်အနိုင်လုကြတော့၊ ဘယ်သူဘယ်အနေနှင့်၊ ဘယ်မြေကိုဘယ်သူ အုပ်မယ်လို့၊ သရုပ်အမှန်ယူရလျှင်၊ နံပဲဖြူပေါ်လာထွန်းသော်ကြောင့်၊ စနေပြိုဟ် နေခိုတဲ့ကျွန်းပေမို့ နဂါးမြွေကို ဖားတွေက လွှမ်းပေလိမ့်မြွမ်းတစ်သိုက်ထွေး။

ပါပလူမျိုး ကုလားဖြူတည်းဟူသော အင်္ဂလိပ်စနေပြိုဟ်အုပ်ချုပ်နေသည့် နိုင်ငံဖြစ်သောကြောင့် စနေ နဂါးတည်း

ဟူသော ကုလားဖြူကို ကြာသပတေးနံ ဖားတည်းဟူသော မြန်မာများက အနိုင်ယူ၍ အောင်ပွဲခံလိမ့်မည်ဟု ဟောဆိုထားပေသည်။ ဤစကားများသည် အဘယ်မျှမှန်သည်ကို ပြန်လှန်စဉ်းစားလျှင် သက္ကရာဇ် ၁၃၁၀ ကျော်၍ ၆ခု၊ ၇ခု၊ ၈ခု၊ ၉ခု အထိ မြန်မာနိုင်ငံ၌ စစ်ဘေးစစ်ဒဏ် နှစ်ခါထိ၍ ပြာအတိဖြစ်ခဲ့ရသည်။ ၉ ခုနှစ်တွင် ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ ခေါင်းဆောင်ကြီးများ ကျဆုံးခဲ့ရသည်။ ဤနည်းတူပင်လျှင် ၆ ခု၊ ၇ ခု၊ ၈ ခု၊ ၉ ခု နှစ်များအကြောင်းကို "အတိတ်ရှေးရယ်က" သံချိုကဗျာတစ်ပုဒ် ရေးခဲ့ပြန်သည်။

ဤတွင် ဖျိုင်းနှစ်ကောင် တိုင်းဘောင်လုကြမည့်အကြောင်းကို ဆိုထားသည်။ ဖျိုင်းနှစ်ကောင်မှာ ပါပလူမျိုးမကိုပင် ဆိုလိုသည်။ လက်တွေ့အားဖြင့်လည်း မြန်မာနိုင်ငံကို အင်္ဂလိပ်နှင့် ဂျပန်တို့ လုခဲ့ကြသည် မဟုတ်ပါလော။

"သောအဋ္ဌနဝတိုင်အောင်၊ လောင်လိမ့်မည် ထိန်ထိန်ပြောင်၊ ကမ္ဘာ့တွမီးရယ်ကြောင့်၊ ဖိစီးကာ ပျက်ပြိုပြုန်းကြတော့၊ သုံးလူ ရှင်သာသနာမှာ၊ မေးရောင်ဝါ တစ်ခဏကိန်းရယ်နှင့် ခေတ်သိမ်းကသည်အခါ မျှော်ကြတော့၊ မောင်းထောင်ခေါ် ကျော်ဆရာကဝိရယ်က၊သတ္တဝါတွေ ဘယ်အခြေသိစေဖို့ကွယ် နှိုးသတိပေး။ ။

ဖြစ်ပွားလတ္တံ့သော စစ်ဘေးစစ်ဒဏ် အန္တရာယ်ကို ကြိုတင်သတိပေးရေးသားထားသည်။ "စောသတ္တမြတ်ဘုရားရယ်နှင့်" အစချီသံချိုတွင် အနောက်ဥရောပတိုက်တွင် ရုရှနှင့် ဂျာမန်တို့

တိုက်ကြလိမ့်မည်။ ထိုကိစ္စများပြီးသည့် နောက်တစ်နှစ်အကြာ၌ မြန်မာတို့ ချမ်းသာလိမ့်မည်။ လိုအင်ဆန္ဒ ပြည့်ဝလိမ့်မည်ဟု ချမ်းသာရန် မြန်မာခေတ်မှာတော့ တစ်နှစ်သီကာခြားတော့၊ နဂါးဂဠုန်သုတ်၊ တုန်လှုပ်ကာ သမုဒ္ဒရာပတ်ပါလို့၊ ရုရှကယ် ဂျာမန်တို့၊ တိုက်ကြပြန်ခိုက်ရန်တွင်း မယွင်းပေါင်သည့် အမှု၊ မည်သူမည်သို့၊ ဖြစ်စေဟု စိတ်မဆွေအပိုဝင်၍ ငြိုငြင်ကာ မေတ္တာမတုံးကြပါနှင့်၊ နောက်ဆုံးမှာ ဟိုပြည်သားတို့မှာ၊ ကြေသွားကာ ဘာသာပျောက်ပါလို့၊ ငါတို့ဘုရင်၊ မချို့ ပလ္လင် ရောက်ပါလိမ့်မကွယ်၊ ဘုန်းတောက်မည့်မင်း။ ဟူသော သံချို ကဗျာကို ရေးသားခဲ့ပါသည်။

ဒုတိယကမ္ဘာစစ်ကြီးတွင် ဂျာမန်၊ ဂျပန်၊ အီတလီတို့က တစ်ဖက်၊ အင်္ဂလိပ်၊ အမေရိကန် ရုရှတို့က တစ်ဖက်၊ အကြီး အကျယ် တိုက်ခိုက်ခဲ့ကြသည်။ ဒုတိယကမ္ဘာစစ်ကြီး အပြီး သတ်ပြီးနောက် အမျိုးသား ခေါင်းဆောင်ကြီး ဗိုလ်ချုပ် အောင်ဆန်းသည် တစ်နှစ်အတွင်း လွတ်လပ်ရေးရစေရမည် ဆိုသော ကြွေးကြော်သံဖြင့် လူထုစည်းရုံးမှု လှုပ်ရှားမှုလုပ်ငန်း များကို လုပ်ဆောင်လာခဲ့သည်။ ခရစ်နှစ် ၁၉၄၉ ခုနှစ် အပြီး သတ်သည်။

၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ (၄) ရက်နေ့တွင် မြန်မာပြည် လွတ်လပ်ရေး ရသည်။ ဦးကျော်လှ၏အဆိုနှင့် သိပ်မကွာလှ။ ဆိုလိုရင်းမှာ သံချိုဆရာမောင်းထောင် ဦးကျော်လှသည် ဗေဒင်

နက္ခတ်ပညာများဖြင့် ပြည်သူလူထုကို လှည့်စားနေခြင်း မဟုတ်။ အနာဂတ်ကို တည့်တည့်လင်းလင်း မြင်နိုင်စွမ်းသည့် နက္ခတ်ဗေဒပညာရှင်ဖြစ်ကြောင်း တင်ပြလိုရင်း ဖြစ်ပါသည်။

## မြန်မာနက္ခတ် ပညာအစ

မြန်မာနက္ခတ် ပညာအစကို တင်ပြရလျှင် တကောင်းခေတ်၊ သရေခေတ္တရာ(ပျူခေတ်) တို့မှ စတင် ဖော်ပြရပါမည်။

အိန္ဒိယပြည် မဇ္ဈိမဒေသ သာကီဝင်မင်း အဥ္စနမင်းသည် အဘိညာဏ်ရသော (ဒေဝီလရသေ့) ဆရာနှင့် တိုင်ပင်ကာ ဒွါပရာယုဂ်နှစ်ကြွင်း ၆၂၃၉ နှင့် ကလိယုဂ်နှစ် ၂၄၀၉ တို့ နှစ်ရပ်ပေါင်း ၈၆၄၈ နှစ်များအနက် မာဃစန္ဒေကိန်းကို ဖြိုခဲ့သည်ဟု နက္ခတ္တကျမ်းများတွင် ဖော်ပြထားပါသည်။

သက္ကရာဇ် ဖြိုခြင်းအကြောင်းရင်းမှာ ကောင်းကင်နက္ခတ်အမြင်နှင့် အသုံးပြုနေသော ပြက္ခဒိန်မှ နက္ခတ်ကိန်းဂဏန်းများတို့ တိမ်းစောင်းလွဲမှားနေသောကြောင့် မှန်ကန်သော နက္ခတ်ကိန်းများကို ပြုပြင်တွက်ချိန်နိုင်ရန် ဖြိုခြင်း ဖြစ်ပါသည်။

ထိုအဥ္စနမင်း ဖြိုပြီးသည့် နောက်နှစ်များကို “မဟာသက္ကရာဇ်နှစ်” ဟု အစပြုခေါ်ခဲ့ပါသည်။

ထိုမဟာသက္ကရာဇ် (၆၈)ခုနှစ်တွင်ဗုဒ္ဓမြတ်စွာဘုရားအလောင်းတော်ဖွားမြင်ခဲ့ပေသည်။ ထို့ကြောင့် သာကီဝင် မင်းတို့သည် နက္ခတ္တဗေဒပညာရပ်ဆိုင်ရာ နက္ခတ် ကိန်းဂဏန်းများကို မြတ်စွာဘုရား မပွင့်မီကပင် ခိုင်မာစွာ တတ်ကျွမ်း အသုံးပြုနေကြောင်း သိရှိနိုင်ပါသည်။

နက္ခတ္တပညာရပ်ကို သိကျွမ်းလက်ခံယုံကြည်သော သာကီဝင်မင်း ပဥ္စာလရာဇ်မင်း၏စစ်ဘေးရန်ကြောင့် နောက်လိုက် ဗိုလ်ခြေအလုံးအရင်းဖြင့် မြန်မာပြည်သို့ ခိုဝင်ကာ (သဃ်္ကသပြည်) တကောင်းမြို့ကိုတည်ထောင် နန်းစံခဲ့သည်။

ထို့ကြောင့် တကောင်းခေတ် သရေခေတ္တရာ(ပျူခေတ်) ပုဂံခေတ်၊မင်းတုန်းမင်း၊ သီပေါမင်းခေတ်မှ ယနေ့ခေတ်အထိ နက္ခတ္တပညာရှင်များက လက်ဆင့်ကမ်း သယ်ဆောင်လာခဲ့ကြပေသည်။

နက္ခတ်ပညာသည် ကျယ်ဝန်းလှိုက်လှဲပါသည်။ ထို့ကြောင့် သီးခြားအချိန်ယူ၍ လေ့လာကြပါဟု အစီရင်ခံပါရစေ။

## ကျွန်တော့်ဝန်းကျင်မှ အတိတ်နိမိတ်များ

စာရေးသူ၏ အမေက ဤသို့ ပြောပါသည်။

"နင်တို့ခေတ်ကတော့ဟယ်. . . ပြောကို မပြောချင်ပါတော့ပါဘူး၊ တို့ ရှေးလူကြီးတွေက 'ဆင်စာ ဆင်စား၊ ဆိတ်စာ ဆိတ်စား' တဲ့၊ ဆင်စားရမယ့်အစာကို ဆိတ်က မစားရဘူး၊ ဆိတ်စား

ရမယ့် အစာကိုလဲ ဆင်က မစားရဘူး၊ အဲဒီလို စည်းကမ်း ကလနား သတ်မှတ်ထားတယ်၊ ခုတော့ အဲဒီလို မဟုတ်ပေါင် တော်”

အမေ ဆိုလိုသည့်စကား ကျွန်တော် နားမရှင်းပါ။

“အဲဒါ ဘယ်လိုလဲ အမေ၊ ရှင်းပြပါဦး”

“ဆင်စာ ဆင်စားဆိုတာက ဆန်ကုန်သည်ကြီး ဦးဖြူ ဆိုပါတော့၊ သူစားရမယ့် အမြတ်ငွေက လက်ကားဈေးနှုန်း မှာပဲအမြတ်ယူရောင်းရမယ်။ လက်လီရောင်းတဲ့ ဆန်ကုန်သည်တွေ ရောင်းတဲ့ ဈေးနှုန်းမျိုးအထိ လက်တစ်ဆုံး နှိုက်မယူရဘူး၊ နောက်ပြီးတော့ ကိုယ်နဲ့ဆိုင်တဲ့ အလုပ်ကိုပဲ လုပ်ကိုင်ရမယ်၊ မဆိုင်တာ မလုပ်ရဘူး၊ ဥပမာဆိုပါတော့၊ စာအုပ် စာနယ်ဇင်း တွေ ရောင်းနေတဲ့ဆိုင်က ကြက်ဥတင်ရောင်းရတာမျိုး၊ အဲဒါ ကြက်ဥဘဲဥတွေ ရောင်းတဲ့လူရဲ့ အလုပ်ပဲ၊ မိမိ အမြတ်အစွန်း ရလိုမှုနဲ့ အကုန်လျှောက်မလုပ်ရဘူး သားရဲ့” ဟူ၏။

အမေသည် ဆီကုန်သည်ကြီး ဖြစ်ပါသည်။ တစ်နှစ်လျှင် ဆီပေပါ အလုံး ၅၀၀၊ ၁၀၀၀ သိုလှောင်ထားနိုင်သူ ဖြစ်ပါသည်။

အဖေနှင့် အမေသည် ညနေစောင်းလျှင် အိမ်ရှေ့တန်းလျား ပေါ်၌ ပြောင်းဖူးဖက်ဆေးလိပ်ကိုယ်စီခဲလျက် လဆန်း (၂)ရက်၊ (၃)ရက်တွင် ဆန်းစလခြမ်းကလေးကို ကြည့်တတ်ပါသေးသည်။

"ဟဲ့ ကောင်လေး၊ ကြည့်စမ်း၊ လ ဘယ်စောင်းတုံး"

"အမေ၊ လ တောင်စောင်းတယ်ဗျ"

"အေး. . . လ တောင်စောင်း စပါးဆန်ရေကောင်းတဲ့၊ ဒီနှစ် စပါးအထွက် ကောင်းမှာပေါ့၊ ကောင်းတယ်၊ ကောင်းတယ်"

အမေသည် လကိုကြည့်၍ ဆန်ရေစပါး အထွက်ကောင်း မကောင်း ပြောနိုင်သလို၊ မိုးဦး၊ မိုးလယ်၊ မိုးနှောင်း ကောင်း မကောင်းကိုလည်း ပြောနိုင်ပါသေးသည်။

နှစ်စဉ် တပေါင်းလဆန်း (၁)ရက်၊ (၂)ရက်၊ (၃)ရက်နေ့ များဆိုလျှင် အဖေနှင့် အမေသည် နံနက်မိုးလင်းမှ မိုးချုပ်အထိ ပတ်ဝန်းကျင် လေတိုက်ခတ်မှုကို အကဲခတ်နေပါသည်။

တပေါင်းလဆန်း (၁) ရက်နေ့၊ လေတိုက်လျှင် မိုးဦး ကောင်းသည်။ လေငြိမ်နေလျှင် မိုးဦးမကောင်းဟု အယူရှိပါသည်။

တပေါင်းလဆန်း (၂) ရက်နေ့ လေတိုက်လျှင် မိုးလယ် ကောင်း၍ လေမတိုက်လျှင် မိုးလယ်မကောင်းဟူ၍ လည်းကောင်း၊ တပေါင်းလဆန်း(၃)ရက်နေ့ လေတိုက်လျှင် မိုးနှောင်းကောင်း၍ လေမတိုက်လျှင် မိုးနှောင်းမကောင်းဟူ၍ လည်းကောင်း ရှေးခေတ်မှ ယနေ့ခေတ်အထိ ကျေးလက် တောင်သူလယ်သမားကြီးများ၏ မြန်မာ့ရိုးရာ မိုးလေဝသ ခန့်မှန်းချက်များကို ပြောပြပါသည်။

## သပြေနည်းပြမှ သူပြေးနည်းပြ

စာရေးသူတို့ မကွေးမြို့တွင် သပြေနည်းပြသင်တန်းကျောင်း ဟူ၍ ကျူရှင်ကျောင်းတစ်ကျောင်း ဖွင့်ပါသည်။ တစ်နေ့သော အခါ သပြေနည်းပြသင်တန်းကျောင်းဟု ကျကျနန ရေးထား သော ဆိုင်းဘုတ်ပေါ်သို့ အဘယ်သကောင့်သား လက်ဆော့ သွားသည် မသိ၊ ဆိုင်းဘုတ်ပေါ်တွင် "သ"ကို နှစ်ချောင်းငင် ထည့်၍ "ပြေ" ကို ရှေ့က နှစ်လုံးပေါက်ထည့်သွားသော ကြောင့် "သပြေ" နည်းပြသင်တန်းကျောင်း မဟုတ်မူဘဲ (သူပြေး) နည်းပြသင်တန်းကျောင်း ဖြစ်သွား၏။ စာရေးသူ၏ မိတ်ဆွေတစ်ယောက်က. . .

"ကြည့်. . . သပြေ နည်းပြသင်တန်းကျောင်းကတော့ ပြေးရ တော့မယ်ဟေ့. . . မယုံကြည့်နေ ဟူ၏။ ထိုမိတ်ဆွေ နိမိတ်ဖတ် သည့်အတိုင်း မှန်ပါလေသည်။ မကြာမီ သပြေနည်းပြ သင်တန်း ကျောင်းဆရာသည် မမျှော်လင့်သော ပြဿနာတစ်ခုကြောင့် ကျောင်းကိုပိတ်ကာ လစ်ပြေးပါတော့သည်။

## အန်ကယ်သိုက်မှ အန္တရာယ်သိုက်

စာရေးသူတို့ မကွေးမြို့ ဈေးရပ်ထဲတွင် ဦးဘသိုက်ဟု ခေါ်သော အသက် (၆၅) နှစ်အရွယ်ရှိ ပင်စင်စားကြီး တစ်ယောက် ရှိပါသည်။ ဦးဘသိုက်သည် အသက်(၆၀) ကျော် သော်လည်း လူငယ်လူရွယ်များနှင့် ပျော်ပျော်ပါးပါး နေလေ့

ရှိပါသည်။ ညနေစောင်းလျှင် ဦးဘသိုက်အိမ်၌ ယစ်ရွှေရည် ယမကာဝိုင်း ထောင်လေ့ရှိပါသည်။ လူငယ်များ မမူးခင်က "အန်ကယ်သိုက်" "အန်ကယ်သိုက်" ဟု ခေါ်နေရာမှ မူးလာသောအခါ "အန္တရာယ်သိုက်" "အန္တရာယ်သိုက်" ဟု ခေါ်ပါတော့သည်။ ဦးဘသိုက်က. .

"ဟေ့ကောင်တွေ ငါ့ကို အဲဒီလိုတော့ မခေါ်နဲ့ကွာ"

"ခေါ်တယ်ဗျာ၊ ခေါ်တော့ ဘာဖြစ်လဲ၊ အို. . . အန္တရာယ်သိုက်"

"မင်းတို့ကောင်တွေ၊ တယ်ပြောရခက်ပါလား၊ မခေါ်ပါနဲ့ဆို"

"ခေါ်တယ်ဗျာ၊ အန္တရာယ်သိုက်၊ ကဲ. . . ဘာဖြစ်လဲ"

"မင်းတို့ကြောင့် ငါတော့ အန္တရာယ် ဖြစ်တော့မှာပဲ"

ဦးဘသိုက်ကြီး ထင်သလိုပါပဲ၊ မကြာမီသောကာလတွင် ဦးဘသိုက်သည် ဒူးယားစီးကရက် ကိစ္စကြောင့် အချုပ်ခန်းထဲ ရက်သတ္တ (နှစ်) ပတ် စံမြန်းရပါတော့သတည်း။

## ယောလိမ်းလိုက် ယောမြောက်လိုက်

ယောမင်းကြီး ဦးဘိုးလှိုင်က သူနှင့် ရင်းနှီးသူများကို "ငါ ရာထူးကျတော့မယ်" ဟု ပြော၏။ ပြောသည့်အတိုင်း ယောမင်းကြီး ရာထူးချခြင်း ခံရ၏။

တစ်ဖန် ကာလအတန်ကြာလာသောအခါ ယောမင်းကြီးက. . . "ငါ ရာထူးပြန်ရတော့မယ်ဟေ့" ဟု ပြော၏။ ပြောသည့်အတိုင်း ယောမင်းကြီး ရာထူးပြန်ရ၏။

ထို့ကြောင့် ယောမင်းကြီးသည် ဗေဒင်သိပ်တတ်သည်၊ မှန်သည်ဟု ဝိုင်းဝန်းချီးမွမ်းကြလေသည်။ ထိုအခါ ယောမင်းကြီး ဦးဘိုးလှိုင်က-

"ငါ ဗေဒင်တွက်တာ မဟုတ်ဘူး၊ အတိတ်နိမိတ် ကောက်တာ" ဟု ပြော၏။ ဆက်လက်၍ ယောမင်းကြီးက "ဟိုတလောက ရပ်ထဲ ရွာထဲမှာ လူငယ်တွေ ကလေးတွေ ဆိုကြပြောကြတယ် မဟုတ်လား၊ အဲဒါက ဘာတဲ့၊ ယောယိမ်းလိုက် ဘဘားယိမ်းလိုက်တဲ့၊ ယိမ်းဆိုတာ မကောင်းဘူးလေ၊ ဒါပေမယ့် လဲတော့ မသွားဘူး၊ ဒါကြောင့် ငါ ရာထူးကျတယ်၊ ခု တစ်ဖန် ရပ်ထဲ ရွာထဲက ကလေးတွေက ယောမြှောက်လိုက် အသားမြှောက်လိုက်လို့ ဆိုကြပြန်တယ်၊ မြှောက်တယ်ဆိုတာ ကောင်းတဲ့ လက္ခဏာပေါ့၊ ဒါကြောင့် ခု ရာထူးပြန်ရတာ" ပြောသည်ဟု မှတ်သားရဖူးပါသည်။

## ဟိုးဆရာ

မကွေးမြို့နယ် "မြင်ကွန်း"မှ သဗ္ဗစိန္တာမဏိ ဗေဒင်ကျမ်းစာအုပ်ကြီးများကို ရေးသားပြုစုသူ ကျောင်းဆရာ ပင်စင်စား ဆရာကြီး ဦးဖိုးမြိုင်က ပြောဖူးပါသည်။

"အတိတ်နိမိတ်ဆိုတာ ကျယ်ဝန်းပါတယ်၊ သတိထားမိတဲ့သူကတော့ သိတာပေါ့လေ၊ တို့ ဟိုလွန်ခဲ့တဲ့ ၁၉၅၃-၅၄ ခုနှစ်လောက်က မော်တော်ကား စပယ်ရာတွေက ကားပေါ်ကနေ "ဟိုးဆရာ" "ဟိုးဆရာ" နဲ့ အော်တယ်၊ စပယ်ရာက အော်တဲ့စကားကို လူတွေနှုတ်ထဲ ရောက်လာပြန်တယ်၊ အချင်းချင်း လမ်းမှာတွေ့လိုက်ရင် "ဟိုးဆရာ" လုပ်ပါလေရော၊ ခဏ ရပ်စမ်းပါဦး ပြောတဲ့စကားပေါ့၊ "ဟိုးဆရာ"ဆိုတဲ့ နိမိတ်ကြောင့် အဲဒီနှစ်မှာပဲ တို့ ကျောင်းဆရာတွေ (၅၀၀) ကျော်လောက် ပညာရေး ဘတ်ဂျက်မရှိလို့ ဆိုပြီး ရပ်ပစ်ခြင်း ခံခဲ့ရတယ်၊ "ဟိုးဆရာ" ဆိုတာ ရပ်ပါလို့ အဓိပ္ပာယ်ရတယ်လေ" ဟု ပြောဖူးပါသည်။

## ပွဲစားကြီးဘဝမှ

မိတ်ဆွေတစ်ယောက်က သူနှင့် ခဏ လိုက်ခဲ့စမ်းပါဟု ဆို၍ အိမ်တစ်အိမ်သို့ လိုက်သွားခဲ့ရပါသည်။ တစ်ကြိမ် တစ်ခါမျှ မရောက်ဖူးပါ။ လမ်းမှ မိတ်ဆွေက. . .

"ကျွန်တော့် ငယ်သူငယ်ချင်းပါဗျာ၊ ဒီလူက ကြီးပွားနေတယ်ဗျ၊ ဟိုတုန်းက ဆင်းဆင်းရဲရဲပါ၊ ခု ဘာပြုလို့ ဒါလောက်ကြီးပွားတာလဲ ဆိုတာ သိချင်လို့ သူ့လက္ခဏာ လိုက်ကြည့်ပေးစမ်းပါ"ဟု ပြောသည်။ ကျွန်တော်တို့ ပွဲစားကြီးဆိုသူ၏အိမ်သို့ ရောက်၏။ မိတ်ဆွေနှင့် ဧည့်ခန်းမှာ ထိုင်ကြရင်း. . .

"ဗျို့. . . ကိုသိန်းမောင် ကိုသိန်းမောင်"

အိမ်ထဲမှ ထူးသံမကြားရ။

"လာဗျာ၊ အိမ်နောက်ဖေး သွားကြည့်ရအောင်"ဟု ဆို၍ နောက်ဖေး မီးဖိုချောင်ထဲသို့ ဝင်လိုက်သောအခါ ပွဲစားကြီး ဆိုသူသည် ပန်းကန်တွေ အထပ်လိုက် ဆေးကြောနေသည်ကို တွေ့ရပါတော့သည်။

"ဟင်. . . ပန်းကန်တွေ ဆေးနေတယ်၊ ခင်ဗျား မိန်းမနဲ့သမီး ကော"

"ရှိတယ်၊ နောက်ဖေးမှာ ဒါန်းစီးလို့"

"ဗျာ"

"ဧည့်ခန်းမှာ ထိုင်ကြလေဦးဗျာ၊ ပြီးလုပါပြီ"

ကျွန်တော်တို့ ဧည့်ခန်းထဲမှာ (၁၅) မိနစ် ကြာမျှ ထိုင်စောင့်နေရ၏။ ဘာမျှ အရေးမကြီးသော ပန်းကန်ဆေးခြင်း ကိစ္စကို ရေးကြီးခွင်ကျယ် လုပ်နေသည်ကို သတိပြုလိုက်မိ၏။

မကြာမီ ပွဲစားကြီး ကိုသိန်းမောင် ထွက်လာ၏။

"လာဗျို့ ကိုသိန်းမောင်၊ ခင်ဗျား လက္ခဏာကို ကြည့်ခိုင်းဖို့ ဒီက မိတ်ဆွေ ခေါ်လာတာ"

ပွဲစားကြီး ကိုသိန်းမောင်သည် လက်ကို စင်ကြယ်အောင် လက်သုတ်ပဝါတစ်ခုနှင့် သုတ်နေ၏။ ကိုသိန်းမောင်က

"အေးဗျ၊ မှောင်တောင်နေပြီနော်" ဟု ပြော၏။ ကျွန်တော်ကလည်း လိမ္မာပါးနပ်စွာ. . .

"ဟုတ်တာပေါ့ဗျာ၊ လက္ခဏာဆိုတာ မှောင်တုန်းကြည့်ရင် ဘယ်ကောင်းပါ့မလဲ၊ တက်နေမှ ကြည့်သင့်တာဗျ"

ကျွန်တော်တို့ နာရီဝက်မျှ ထွေရာလေးပါး ပြောဆိုအပြီး ကိုသိန်းမောင်ကို နှုတ်ဆက်ပြန်ခဲ့ကြပါသည်။ လမ်းရောက်တော့ မိတ်ဆွေက. . .

"သူ့ကို ဘယ်နေ့လောက် သွားဟောမလဲ"

ကျွန်တော်က. . .

"သူ့ကို ဟောစရာ မလိုတော့ပါဘူးဗျာ၊ ခင်ဗျား မိတ်ဆွေ ပွဲစားကြီးဘဝကနေ မကြာမီ ကျဆင်းတော့မယ်"

"ဟင်. . . ဘာကြောင့်လဲ"

"ကြည့်လေဗျာ၊ သူလုပ်နေတာ ပွဲစားကြီးဆို၊ အခု သူနဲ့မဆိုင်တဲ့ ပန်းကန်တွေ ဆေးနေတယ်လေ၊ အဲဒါ အမြင် နိမိတ်ပဲ"

မိတ်ဆွေက သူ့မိတ်ဆွေပွဲစားကြီးမှာ ငွေကြေး သိန်းနှစ်ဆယ်လောက် စုဆောင်းထားမိနေပြီဖြစ်၍ ကျဆင်းသွားဖို့ မလွယ်ကူကြောင်း ပြောပါသည်။

"စောင့်ကြည့်သေးတာပေါ့ဗျာ"ဟု ကျွန်တော်က ပြောလိုက်ပါသည်။

သည်လိုနှင့် မေ့မေ့လျော့လျော့ နေလာခဲ့ပါသည်။

တစ်နှစ်ခန့်ကြာသောအခါ မိတ်ဆွေ ရောက်လာ၏။

"ခင်ဗျား. . . ကျွန်တော့်သူငယ်ချင်း ပွဲစားကြီး ကိုသိန်းမောင်ကို နိမိတ်ကောက်လိုက်တာ မှန်တယ်ဗျို့"

"ဟင်. . . ဘယ်လိုဖြစ်လို့လဲ"

"အင်း. . . သိန်းနှစ်ဆယ်လောက်ကို ပြုတ်တဲ့အပြင် နေစရာ အိမ်တောင် ရောင်းပစ်လိုက်ရပြီဗျ၊ အင်းပေါ့လေ၊ အရက်ရော၊ ဖဲရော၊ သူက ဝါသနာစုံတော့ ပြုတ်တာပေါ့ဗျာ'' ဟူ၏။

## အင်္ဂလိပ်ပညာရှင်ကြီးဖတ်သော နိမိတ်

စာရေးသူသည် ဆေးဆရာ၊ စာရေးဆရာ ဖြစ်သောကြောင့် အင်္ဂလိပ်ပညာရှင်များနှင့်လည်း အကျွမ်းတဝင် နေရပါသည်။ ပြဒါးကို ဆေးကျမ်းများအရ သုံးစွဲရသောအခါ ပြဒါးကို အကောင်းဆုံးသန့်စင်နည်းပါ သူတို့ထံ ပညာသင်ယူရပါသည်။

တစ်နေ့သောအခါ အင်္ဂလိပ်ပညာရှင်တစ်ဦးဖြစ်သူ ဦးသိန်းဟန်ဆိုသူ အိမ်ရောက်လာပါသည်။ ဦးသိန်းဟန်ဆိုသူသည် ဓာတ်ပုံပညာရှင်တစ်ဦး ဖြစ်ပါသည်။ အင်္ဂလိပ်ပညာကို လိုက်စားရင်းက ဓာတ်ပုံလုပ်ငန်းအလုပ်ကို စွန့်တော့၏။ ပညာရပ်တစ်ခုအပေါ် စွဲလမ်းမိလျှင် ထမင်းမေ့၊ ဟင်းမေ့အပြင် မိန်းမပါ

မေ့သောသူများ ဖြစ်ပါသည်။ မိန်းမထက် အင်္ဂလိပ်ကိုချစ်ခင်စွဲလမ်းသောကြောင့် ဦးသိန်းဟန်၏မိန်းမသည် သူ့အမေအိမ်သို့ပြောင်းရွှေ့ နေထိုင်သည်မှာ တစ်နှစ်နီးပါးရှိပြီဟု ဆိုပါသည်။

ထုံးစံအတိုင်း အင်္ဂလိပ်ဆရာရောက်လာတော့ ကျွန်တော်တို့ရေနွေးကြမ်းတစ်ကရား လက်ဖက်တစ်ခွက်နှင့် တစ်နေကုန်ပါတော့သည်။ ဆရာဦးသိန်းဟန်ကလည်းရှာရှာဖွေဖွေ၊စေ့စေ့ပေါက်ပေါက် အင်္ဂလိပ်ပညာ လင်္ကာစာတန်းတွေ ရွတ်နိုင်ဘိ၏။ ညနေမိုးချုပ်တော့. . .

"ကဲ. . . ပြန်တော့မယ်" ဟု နှုတ်ဆက်၏။

"နေပါဦးဗျ၊ ကျွန်တော်ပါ လိုက်ခဲ့ပါမယ်၊ ပြဒါးလေး နည်းနည်းလိုချင်လို့"

"ဒါဖြင့် အိမ်လိုက်ခဲ့လေ"

သို့နှင့် ကျွန်တော်သည် ဦးသိန်းဟန်နှင့်အတူ လိုက်ခဲ့၏။ ကျွန်တော်တို့နှစ်ယောက်သား တစ်နေကုန်ထိုင်၍ "လေကန်" ကြရသူများပီပီ လမ်းလျှောက်၍ ကောင်းလှ၏။ မဲထီးလမ်းမှ ရွာသစ် (၁၇) လမ်းကို ဖြတ်ကျော်လာသောအခါ ကြောင်သေတစ်ကောင်ကို တွေ့ရ၏။ ဦးသိန်းဟန်က ဆေးပြင်းလိပ်ကို ခဲနေရာမှ ပြုံးနေ၏။

"ဘာပြုံးနေတာလဲဗျ"

"တစ်နှစ်လောက် အိမ်ကဆင်းသွားတဲ့မိန်းမ၊ အိမ်ပြန်ရောက်နေပြီ ထင်ပါ့ဗျာ"

နောက်ထပ် (၁၀) မိနစ်မျှ လျှောက်ကြသောအခါ ဦးသိန်းဟန် အိမ်သို့ ရောက်၏။ ဦးသိန်းဟန်ပြောသည့်အတိုင်း သူ့မိန်းမသည် သောက်ရေအိုးကို ဆေးကြောသန့်စင်နေပါသည်။

"ဟ. . . မိန်းမတောင် ပြန်ရောက်နေပါကော"

ဦးသိန်းဟန်မိန်းမက မျက်စောင်းထိုးကြည့်၏။

"တော်က ကျုပ်ကို လာမခေါ်ဘဲနေနိုင်ပေမယ့် အမေ့အိမ်မှာ ကြာတော့လဲ ပျင်းတာပေါ့" ဟူ၏။

ကျွန်တော်က ဦးသိန်းဟန်ကို. . .

"ခင်ဗျား တကယ်တော်တာပဲ၊ လမ်းမှာ ကြောင်သေ တွေ့တာနဲ့ ကျုပ်မိန်းမ အိမ်ပြန်ရောက်ပြီထင်ပါရဲ့လို့ နိမိတ်ကောက်တာ ဘယ်ဆိုးလို့တုန်း" ဟု ကျွန်တော်က ချီးမွမ်းတော့. . .

"ဟဲ. . . ဟဲ၊ ဒါ အလွယ်လေးပါဗျ၊ မယားနေစကြောင်သေမှတဲ့၊ အခု လမ်းမှာ ကြောင်သေတွေ့တော့ မယားနဲ့ ပြန်နေရပြီပေါ့ဗျာ၊ ဒါကြောင့် မိန်းမတော့ အိမ်ရောက်နှင့်နေမယ်လို့ ပြောနိုင်တာ"

"အင်း. . . တယ်ဟုတ်ပါလား"

သြော်. . . အတိတ်နိမိတ် ကောက်တတ်ကြသူများအဖို့မှာတော့ လွယ်လိုက်တာ။

## ဘောလုံးပွဲ ဘယ်သူနိုင်မလဲ

ကျွန်တော်သည် မိတ်ဆွေတစ်ယောက် နေထိုင်မကောင်း၍ ရေနံချောင်းသို့ ခရီးထွက်ခဲ့ရပါသည်။ ရေနံချောင်းရောက်တော့ "ဆရာညို စာအုပ်ဆိုင်"မှာ ခေတ္တ နားနေရပါသည်။

ဆရာညိုစာအုပ်ဆိုင်ကို ဆက်လက်ရှင်သန်ရေးအတွက် ကြိုးစား လုပ်ကိုင်နေသူမှာ ဦးကြည်ဝင်း ဖြစ်ပါသည်။ ဦးကြည်ဝင်းသည် စာတိုက်စာရေးကလေးဘဝမှ မြို့နယ်ကောင်စီဥက္ကဋ္ဌအထိ ဘဝတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့သူ တစ်ဦးလည်း ဖြစ်ပါသည်။

ဦးကြည်ဝင်းနှင့် ကျွန်တော်သည် သူ စာတိုက်စာရေးကလေး ဘဝမှ သိကျွမ်းခင်မင်ခဲ့ကြပါသည်။ ဦးကြည်ဝင်းနှင့် ကျွန်တော် ဝမ်းသာအားရ နှုတ်ဆက်စကားပြောနေကြတုန်း ရပ်ကွက်ထဲမှ ဘောလုံးဝါသနာအိုးနှစ်ယောက် ရောက်လာ၏။

"ဗျို့. . . ဦးကြည်ဝင်း၊ ဒီနေ့ ဘောလုံးပွဲ သိပ်ကောင်းမှာ လုပ်စမ်းပါဦး၊ ဘယ်သူနိုင်မလဲ တွက်စမ်းပါဦး"

ဦးကြည်ဝင်းက. . .
"ဒီနေ့ ဘယ်သူနဲ့ ဘယ်သူ ကန်ကြမှာတုံး"

"သံကန်ကုန်းနဲ့ ညောင်လှအသင်းဗျ"
"သံကန်ကုန်းရပ်ကွက်နဲ့ ညောင်လှရပ်ကွက် ဘယ်ရပ်ကွက်က ကြီးလဲ"

"ညောင်လှကပေါ့ဗျ"

"ဒါဖြင့်ရင် သံကန်ကုန်းနိုင်မှာ သေချာတယ်"

ဘောလုံးဝါသနာအိုးနှစ်ယောက် ဦးကြည်ဝင်း ပြောသည့်အတိုင်း သဘောကျသွား၏။

ညနေမိုးချုပ်တော့ ဘောလုံးပွဲ အနိုင်အရှုံးသတင်း ကြားရသည်။ ဦးကြည်ဝင်းဟောလိုက်သည့်အတိုင်း သံကန်ကုန်းအသင်းက (၃) ဂိုး (၁) ဂိုးဖြင့် အနိုင်ရရှိသွား၏။

စာရေးသူက "ဦးကြည်ဝင်း၊ ဘယ်လိုကြောင့် ခင်ဗျား သံကန်ကုန်းနိုင်မယ်လို့ ပြောနိုင်တာတုံး"

ဟု မေးတော့. . .

"သူတို့လာမမေးမီလေးဘဲ ကိုယ့်သား ၂-ယောက် ပေတံလုကြတယ်၊ သူ့ပေတံငါ့ပေတံပေါ့၊ နောက်ဆုံးတော့ အကြီးကောင်က လက်လျှော့လိုက်တယ်၊ အငယ်ကောင် ပေတံရသွားတယ်လေ၊ အဲဒါ နိမိတ်ပေါ့" ဟူ၏။

## အတိတ်နိမိတ်

စာရေးသူသည် လုပ်သားပြည်သူ့နေ့စဉ်သတင်းစာ သတင်းထောက် ဖြစ်ပါသည်။ ဆေးဆရာ၊ စာရေးဆရာအလုပ်နှင့် မအားမလပ် ဖြစ်နေပါသော်လည်း "သတင်းသံယောဇဉ်" မကုန်သေးပါ။ သတင်းကိစ္စနှင့် ရုံးအသီးသီးရောက်သလို မီးသတ်ရုံးကိုလည်း ရောက်တတ်ပါသည်။

"လာဗျို့၊ ဦးဝင်းမြင့်"

မကွေးမြို့ မီးသတ်ဦးစီးမှူး ဦးသိန်းကြွယ်က လှမ်းနှုတ်ဆက်သည်။

"ညက မီးသတင်းကလေးလိုချင်လို့"

"အိမ်တစ်လုံးထဲပါ ဆရာရယ်၊ ရေးမနေပါနဲ့၊ ကျွန်တော်က ပြောတယ်၊ ကျွန်တော့်ရဲဘော်တွေကို မင်းတို့ သိပ်မလုပ်ကြနဲ့လို့ ပြောတဲ့ကြားထဲက"

မီးသတ်ဦးစီးမှူး ဦးသိန်းကြွယ် ပြောစကားကို စာဖတ်သူ သဘောပေါက်မည် မဟုတ်ပါ။

၁၉၉၁ ခု၊ ဧပြီလ (၂၂) ရက်နေ့က ဖြစ်ပါသည်။

စာရေးသူသည် ထုံးစံအတိုင်း ရုံးပိတ်ရက်မှအပ ရုံးဖွင့်ရက်များတွင် (၉) နာရီခွဲသည်နှင့် မကွေး တဝတရုံးသို့ သွားရပါသည်။ မကွေးမြို့ နွေရာသီ ဧပြီလသည် ပူပြင်းလှပါဘိ။ ထို့ကြောင့် ထီးတစ်လက်ဖြင့် ရုံးသို့ ထွက်ခဲ့၏။

ရုံးသို့သွားသောအခါ မီးသတ်ဦးစီးဌာနကို ဖြတ်ကျော်သွားရ၏။ ထိုနေ့နံနက်က မီးသတ်ရုံးကြီးရှေ့တွင် မီးသတ်ကားကြီးနှစ်စီးကို မီးသတ်ရဲဘော်များက တိုက်ချွတ်ဆေးကြောနေကြသည်။ သူတို့ တိုက်ချွတ်ဆေးကြောနေသည်မှာ ဝတ်ကျေတန်းကျေ မဟုတ်ပါ။ စိတ်ပါလက်ပါ ဆေးကြောနေကြပါသည်။ ကျွန်တော်က သူတို့ကို ကြည့်၍ ပြုံးမိ၏။

ရုံးရောက်၍ ကျွန်တော့်တာဝန်ဝတ္တရားများ ဆောင်ရွက်ပြီးစီး၍ အိမ်သို့ ထမင်းစားပြန်သောအခါ မီးသတ်ရဲဘော်ကြီးများ ဆေးကြောသုတ်သင်တုန်း ဖြစ်၏။

ဧပြီလ (၂၃) ရက်နေ့ နံနက်လင်းအားကြီးအချိန်တွင် မီးသတ်ဥသြသံကြားရ၏။ မကြာမီ ကန်သာရပ်ကွက်တွင် မီးလောင်နေသည်ဟူသောသတင်း ရောက်လာ၏။

တော်ပါသေး၏။ မီးလောင်သည်နှင့် တစ်ပြိုင်နက် မကွေးမြို့က မီးသတ်ရဲဘော်များပီပီ မီးကို ငြိမ်းနိုင်ကြပါသည်။ ထို့ကြောင့် အိမ်တစ်လုံးသာသာဘဲ လောင်၏။

လူမျိုးအသီးသီးက သူ့အရပ်ဒေသအလိုက် အယူအဆအမျိုးမျိုး ရှိကြပါသည်။ ဥပမာ. . .

"ဂါတ်စာရေးကြီး စားပွဲခေါက်ပါက အမှုအခင်း၊ ရာဇဝတ်မှုကြီး ရောက်လာတတ်သည်ဟု ယုံကြည်မှုရှိသလိုဆေးရုံကြီးပြင်ပလူနာဌာန စားပွဲကိုလည်း လက်နှင့်ခေါက်ပါက အသည်းအသန် လူမမာရောက်လာတတ်ကြောင်း" အယူရှိပါသည်။

ထိုအယူများအတိုင်း မှန်လည်း မှန်၏။

## အိပ်မက်ကပြောသာ နိမိတ်

တစ်နေ့သ၌။

စာရေးသူ အိပ်မက်မက်ပါသည်။ အိပ်နေတုန်း ကျောပြင်ကို မီးစွဲလောင်၏။ ထို့ကြောင့် အပူဒဏ်ကို ကြိတ်မှိတ်ငြိမ်းသတ်ရာ

ငြိမ်းသွား၏။ အိပ်ရာမှ လန့်နိုးတော့၏။ ကျောပြင်မီးလောင်သည့် အိပ်မက် မေ့မသွားပါ။

နံနက် အိပ်ရာထ ဘုရား ဝတ်ပြုအပြီး၊ နံနက်စာ စားရင်း "အိမ်သူ" ကို အိပ်မက်အကြောင်း ပြောပြမိ၏။

"ရင်သားထဲကတော့ မဟုတ်ဘူးကွ၊ ကျောသားထဲကပဲ၊ ဘယ်သူဘာဖြစ်မယ်တော့ မပြောတတ်ဘူး"

အိပ်မက်နိမိတ် ကောက်လိုက်မိပါသည်။

မကြာပါ။ နှမကမွေးသော သမီးပျိုပေါက် ယောက်ျားနောက် ကောက်ကောက်ပါအောင် လိုက်ပြေးပါတော့၏။ အသက် မပြည့်ဘူး၊ ရွှေငွေ လက်ဝတ်လက်စားတွေ ပါသွားသည်ဟုဆိုကာ ယောက်ဖလုပ်သူက ဂါတ်တိုင် အမှုဖွင့်၏။

သမီးကို ထိန်းသိမ်းမှု ညံ့ရကောင်းလားဆိုပြီး သူတို့ လင်မယား ဓားဆွဲတုတ်ဆွဲနှင့် ရန်ဖြစ်တော့၏။ နှမနှင့် ယောက်ဖကြား ဝင်၍ ဖျန်ဖြေရ၏။

ကောင်လေးမိဘများကလည်း ကျွန်တော့်ကို လာ၍ နားပူနားဆာလုပ်၏။ တူမကိုလည်း လိုက်၍ ရှာရ၏။ အပူအပင် သောကကို ဘယ်တုန်းကမှ လက်မခံခဲ့သော စာရေးသူသည် "တူမ" ကြောင့်၊ တစ်နည်း "ကျောသား" ကြောင့် တော်တော်ကလေး ဦးနှောက်ခြောက်ခဲ့ရဖူးပါသည်။ "အိပ်မက်"ကလည်း မှန်တတ်သားဟု မှတ်ချက်ချမိ၏။

## ဆေးကုရာတွင် နိမိတ်အမြင်

စာရှုသူ အဆွေ။

စာရေးသူသည် သားသမီး (၇) ယောက်၊ မြေး (၃) ယောက်ရှိသော အိမ်ထောင်စုကို တာဝန်ယူ ကျွေးမွေးနေရသူ ဖြစ်ရကား စားဝတ်နေရေးအတွက် စာရေးခြင်း၊ ဆေးဖော် ရောင်းခြင်း၊ ဆေးဝါးကုသမှုများ ပြုလုပ်ရပါသည်။ များသော အားဖြင့် ဆေးဆရာကို လာရောက်ပင့်ခေါ်သူများသည် အဝတ် အစား သပ်သပ်ရပ်ရပ် ယဉ်ကျေးသိမ်မွေ့သူများ ဖြစ်တတ်ကြ ပါသည်။

ယဉ်ကျေးသိမ်မွေ့စွာ လာပင့်သူကို နိမိတ်ယူ၍ "ဒီလူနာ ကတော့ အလွယ်တကူ အေးအေးဆေးဆေး ကုသရုံနဲ့ ပျောက် မှာပဲ"ဟု မှတ်ချက်ချ၏။ တွေးထင်သည့်အတိုင်း အလွယ်တကူ ကုသပျောက်ကင်း၏။

ဆေးဆရာကို လာရောက်ပင့်သူများအထဲတွင် လူနာ အမော ဖောက်၍ သေလုမျောပါး ဖြစ်နေစဉ် မျက်ရည်စက်လက်ဖြင့် လည်း ကြုံရ၏။ ငိုယို၍ လာပင့်လျှင် နိမိတ်မကောင်းပါ။ ထို နိမိတ်ကို ပျက်ပြယ်စေရန် လာပင့်သူ၏ ကျောကို ခပ်ဆတ်ဆတ် ကလေး ရိုက်လိုက်ပြီး. . .

"ခင်ဗျား ကျုပ်ရိုက်လို့ငိုတာ မဟုတ်လား" ဟု ဇွတ်မေးယူ တော့. . .

"ဗျာ. . . "တဲ့

"ခင်ဗျား ခုလို ကျုပ်ရိုက်လို့ငိုတာ မဟုတ်လား"

ထိုအခါကျမှ မျက်ရည်တွေကြားမှ ပြုံးပြ၏။

ကျွန်တော် နိုင်ပြီ။ ထို့ကြောင့် လူနာပင့်သူထံ အပြေးအလွှားလိုက်၍ ဆေးကုရ၏။ လူနာမသေပါ။ သို့သော် ခက်ခက်ခဲခဲ ကုယူရပါသည်။

တချို့ လူနာ လာပင့်သူများကြတော့လည်း ဧည့်ခန်းမှာ စိတ်ပျက်လက်ပျက် ငူငူကြီး မုဆိုးထိုင်ထိုင်နေသည်ကိုလည်း ကြုံဖူး၏။ သူ့ကို မြင်လျှင်မြင်ချင်း. . .

"ကဲ. . . ထ. . . ထ. . . ခင်ဗျား. . . . ကျုပ်ဘုရားကျောင်းဆောင်ရှေ့လာ. . . ထိုင်. . . ဘုရားဝတ်ပြုဦး"

ဇွတ်တရွတ် ဘုရားရှိခိုးခိုင်းရသည်။ သို့မှ ချောမွေ့ပါသည်။

ဤလောက၌ ဖြစ်တတ်ပျက်တတ်ကြပါသည်။ ဖြစ်ခြင်း ပျက်ခြင်းသည် အကြောင်းကြောင့် အကျိုးဖြစ်ရပါသည်။ ထို့ကြောင့် သပြေကန်ဆရာတော်ကြီး အရှင်ဝါသေဌောဘိဝံသက. . .

"ဘုန်းကြီးတို့လောကမှာ အကြောင်းကင်း၍ ဘယ်ကအကျိုးမျှ မဖြစ်နိုင်၊ အားလုံးအကြောင်းကြောင်းကြောင့်ဖြစ်တဲ့ အကျိုးတွေချည်းပဲ၊ အကြောင်းကင်းပြီးဖြစ်တဲ့ တရားရယ်လို့ မရှိဘူး"ဟု မိန့်ဆိုပါသည်။

နိမိတ်ကို ကောက်ယူကြခြင်းသည် အကြောင်းအကျိုးတို့ကို ပညာဉာဏ်ဖြင့်ဆက်စပ်ကောက်ယူကြခြင်းဖြစ်ပါသည်။ "သဒ္ဓါ" "ပညာ" "ဝီရိယ" "သမာဓိ" ဆုပ်ကိုင်ထား၍ ဆောင်ရွက်ကြရပါသည်။

သဒ္ဓါလွန်လျှင် တွန့်သည်။

ပညာလွန်လျှင် ဆွံ့သည်။

ဝီရိယလွန်လျှင် ပြန့်သည်။

သမာဓိလွန်လျှင် တွန့်သည် ဟု ဆိုသည့်အတိုင်း သဒ္ဓါ၊ ပညာ၊ ဝီရိယ၊ သမာဓိ၊ ချိန်ခွင်လျှာလို တည့်မတ်ကြရပါမည်။ ထို့ကြောင့် မန်လည်ဆရာတော်ဘုရားကြီးက "သဒ္ဓါပညာ၊ သမာဓိဝီရိ၊ စောင်းနှယ်ညှိလော့"ဟု လမ်းညွှန်ထားပါသည်။

သဒ္ဓါဆိုသည်မှာ ယုံကြည်မှုဖြစ်ပါသည်။ နိမိတ်ကို သဒ္ဓါလွန်ပြီး သိပ်ယုံကြည်နေလျှင်လည်း ဘာအလုပ်မျှ ဖြစ်မည်မဟုတ်ပါ။ သတိပညာနှင့် ဝေဖန်ပိုင်းခြားပါ။

စာရေးသူကိုယ်တိုင် ကြုံဖူးပါသည်။

လူနာတစ်ယောက် ရောက်လာ၏။

"ဆရာ. . . ကျွန်တော် အနာပေါက်လို့ဆရာ"

"အေးဗျ၊ အနာပေါက်တာ အနောက်ပါလို့ပေါ့"

ရယ်ရယ်မောမော ပြောမိ၏။

"ဆရာ. . . ကျွန်တော့် အနာတော့ ပြည်ပေါက်ပြီဗျ"

"ပြည်ပေါက်တော့ ပျောက်ပြီပေါ့ဗျာ၊ ဟဲ ဟဲ ဟဲ"

## ဖရုံခါး

ဟိုတလောက စာရေးသူ၏ မိတ်ဆွေတစ်ယောက် ကျောက်ဖရုံသီးတစ်လုံး လက်မှာပိုက်၍ ရောက်လာ၏။

"ခင်ဗျား ဆေးဖော်ဖို့လာပို့တာ၊ ဒါ ဖရုံခါးဗျ"

"ဟင်. . . ဟုတ်လား၊ ဟန်ကျတာပေါ့၊ ဖရုံခါးကို သဘော်သီးများခြစ်နဲ့ ခြစ်သလိုခြစ်ပြီး ထန်းလျက်နဲ့ ယိုထိုးဗျ၊ အဲဒါကို ခြောက်သွေ့သွားအောင် နေလှန်းရမယ်၊ အဲဒါကို စားပေး၊ ပါးရွဲ့၊ လေဖြတ်၊ ကိုယ်တစ်ခြမ်းသေရောဂါအတွက် အကောင်းဆုံးဆေးပဲ" ဟု စာရေးသူက ဆရာ့ဆရာကြီးများထံမှ ခက်ခက်ခဲခဲ ရရှိထားသော ဆေးနည်းကလေးကို "စကားလက်ဆောင်" ပေးလိုက်ရ၏။

သူ ပြန်သွားတော့ စာရေးသူ စိတ်ကူးတစ်မျိုးရပြန်၏။

"ဖရုံခါးဆိုတော့ ဘုရားခုံ. . . " နှုတ်မှ ရေရွတ်မိပြီး ထိုဖရုံခါးကို ဘုရားခုံပေါ် တင်ထားလိုက်ပါသည်။

နံနက်တစ်ကြိမ်၊ နေ့လယ်တစ်ကြိမ်၊ ညတစ်ကြိမ် စာရေးသူ ဘုရားဝတ်ပြုတိုင်း ဘုရားစင်ပေါ်မှ "ဖရုံခါး"ကို သတိပြုမိပါသည်။

သည်လိုနှင့် သုံးလခန့်ကြာသောအခါ ဘုရားခုံပေါ်မှ ဖရုံခါးသီးပုပ်လာပါတော့သည်။

"ဘုရားခုံပေါ်မှာ ဒီအပုပ်ကြီး ကပ်ထားရတယ်လို့တော်"

စာရေးသူ၏ "အိမ်သူ"သည် ဘုရားခုံကို သန့်ရှင်းရေးလုပ်ရင်း "ဖရုံခါးသီး"ကို အမှိုက်ခြင်းထဲ ပစ်ထည့်လိုက်ပါတော့သည်။

"အေးကွ၊ ရှားရှားပါးပါး ကျောက်ဖရုံသီးကွ၊ ဖရုံခါးမို့ ဘုရားခုံပေါ်တင်ထားတာ၊ ဘာများဖြစ်လာမလဲ မသိလို့"

ထိုအခါ အိမ်သူက စာရေးသူကို ဤကို ပညာပေး၏။

"ဘာမှ မလုပ်ဘဲ တင်ထားရုံနဲ့ ဘာမှ ဖြစ်မလာဘူး တော်ရေ၊ ဖရုံခါးကို ဘုရားကို ကပ်လှူတယ်ဆိုရင်လဲ ကုသိုလ်ရဦးမယ်။ တင်ထားရုံနဲ့တော့ ဘာမှ ဖြစ်မလာဘူး၊ သူ့ကို ဆေးဖော်မှ ပိုက်ဆံရမှာ သိလား"ဟူ၏။

## ကျောက်ဆည်မြို့မှ ဦးလေး ဦးလှမောင်

ကျောက်ဆည်မြို့၊ အမှတ်(၅)၊ လမ်း ၅၊ ဘောဂဝတီ ရပ်နေ ဦးလေး ဦးလှမောင်က စာရေးသူကို ဤသို့ ပြောဖူး၏။

"မောင်ဝင်းမြင့်နယ်၊ စကားနောက် တရားပါသတဲ့၊ စကားပြောတဲ့အခါ သတိနဲ့ပြောကွ၊ ပြီးတော့ လုပ်ငန်းကိုင်ငန်း လုပ်မယ်ဆိုရင်လဲ၊ လုပ်ငန်းအပေါ် နောက်ပြောင်တာတွေ မခံနဲ့ကွ၊

ဦးလေး ဟိုလွန်ခဲ့တဲ့ ငါးနှစ်လောက်က ဆီစက်ထောင်တယ်။ ဆီစက်အမည်ကိုလဲ အောင်သုခဆီစက်ဆိုပြီး နာမည်ပေးထား တယ်၊ အဲဒါကို ဦးလေးမိတ်ဆွေတွေက ကျုပ်ကို တွေ့လိုက်တာနဲ့ အောင်ဒုက္ခကြီးတဲ့၊ သူတို့ကတော့ နောက်တာပြောင်တာပေါ့၊ ခင်မင်လို့ပေါ့၊ ဒါပေမယ့် အဲဒါ မကောင်းဘူး၊ တိုက်ဆိုင်မှုလို့ပဲ ပြောပြော ဆီစက်တည်ကာမှ ဒုက္ခရောက်လိုက်တာ မပြောပါနဲ့ တော့၊ ဆီစက်ကို ရောင်းပစ်ရတဲ့ ဘဝကို ရောက်ရော" ဟူ၏။

## ရန်ကုန် ပန်းဆိုးတန်းလမ်းမှ ဦးလေး ဦးကျော်အေး

ရန်ကုန်မြို့၊ ပန်းဆိုးတန်း၊ အမှတ် (၂၀၄) ပထမထပ်နေ ဦးလေး ဦးကျော်အေး၊ ဒေါ်စန်းစန်းတို့နှင့် ခင်မင်ရင်းနှီးပါ သည်။ ဦးလေး ဦးကျော်အေးသည် သက္ကသီဟဓမ္မာစရိယ အောင်မြင်ပြီး ပါဠိစာပေကျွမ်းကျင် နိုင်နင်းသောပုဂ္ဂိုလ် ဖြစ် ပါသည်။

တစ်နေ့သောအခါ ဦးလေး ဦးကျော်အေးတို့နှင့် အတိတ် နိမိတ်များအကြောင်း စကားစပ်မိကြရင်း ပြောကြဆိုကြသော အခါ ဦးလေး ဦးကျော်အေးက အောက်ပါအတိုင်း ပြောပြ ပါသည်။

"နိမိတ်ဆိုတာက ဖြစ်ပေါ်လာမည့် အကျိုးရဲ့ အရင်းခံ အကြောင်းရင်းလို့ အဓိပ္ပာယ်ရတယ်၊ ကျုပ်တော့ သိပ်မကောက်

တတ်ဘူး။ ဒါပေမယ့် ကြုံဖူးတယ်၊ ဘယ်လိုကြုံလဲဆိုရင် ကျုပ် ဇနီး မစန်း ဖျာပုံကို သူ့ဆွေမျိုးတွေဆီ တစ်ပတ်လောက် သွား လည်ဦးမယ်၊ ပြန်လာမယ့် ရက် အတိအကျ မှာသွားတာ၊ အဲ. . . ဒါပေမယ့် ရက် (၂၀) လောက်ကြာသွားတယ်၊ ကျုပ်လဲ သူ ခရီးထွက်နေတုန်း ကျုပ်တို့ ဆရာတော်ကျောင်းကို နေ့တိုင်းလိုလို ရောက်တယ်၊ ဥပုသ်စောင့်တယ်၊ တရားနာတယ်၊ ညနေစောင်းလို့ ဆရာတော်ကို ဝတ်ပြုထအပြန်မှာ တပည့်တော်ဇနီးလဲ ခရီး ထွက်သွားတာကြာသွားပြီ၊ ခုထိ ပြန်မလာသေးဘူးဘုရား"လို့ လျှောက်လိုက်မိတယ်၊ ဆရာတော်က ဒီနေ့ ပြန်ရောက်မှာဟု တစ်ခွန်းတည်း မိန့်ဆိုပါတယ်၊ ဒါနဲ့ ကျုပ် ညနေစောင်း အိမ် ပြန်လာတယ်၊ ည(၈)နာရီထိုးတော့ ကျုပ် အမျိုးသမီး အထုပ် အပိုးတွေနဲ့ ပြန်လာတယ်၊ ဒါနဲ့ ကျုပ်လဲ အံ့ဩ သွားတာပေါ့၊ ဆရာတော် ပြောတာတယ်မှန်တာပဲဆိုပြီးနောက်တစ်နေ့ ကျောင်း ရောက်တော့ ဆရာတော်ကို လျှောက်မိတယ်၊ ဆရာတော် အမိန့် ရှိတဲ့အတိုင်း အမျိုးသမီး ပြန်ရောက်လာကြောင်း၊ အရှင်ဘုရား ဘာကြောင့် ရောက်မယ်ဆိုတဲ့ စကားပြောနိုင်တာလဲ ဘုရားလို့ လျှောက်တာ့၊ ဆရာတော်က မနေ့က တကာကြီး ထိုင်ရာကနေ မတ်တတ်အရပ်မှာ မေးလျှောက်လိုက်တာကိုး ဗျ၊ ထိုင်ရာကနေ ထတယ်ဆိုတော့ ပြန်လာနေပြီလို့ အခိပ္ပယ်နိမိတ်ထင်တာ၊ ဒါ့ ကြောင့် ဒီနေ့ ရောက်မယ်လို့ ပြောလိုက်တာ တကာကြီးရဲ့"

ဦးလေး ဦးကျော်အေးက ရေနွေးကြမ်းတစ်ခွက် ကောက် သောက်ရင်း စကားဆက်ပြန်ပါသည်။

“အဲ. . . နောက်တစ်ခု ကြုံဖူးသေးတယ်၊ ဆွေမျိုးသားချင်းထဲကဆိုပါတော့၊ အမှုကိစ္စတစ်ခု ဖြစ်နေလို့ ကြံရာမရတော့ ဘုရားကူ၊ ကုတဲ့ သဘောမျိုးနဲ့ ကျုပ်တို့ ဆရာဘုန်းကြီးထံ ရောက်ပြန်ရောဗျ၊ ဆရာတော်ကို ကပ်လှူဖို့ မုန့်ဟင်းခါးတွေ ချိုင့်နဲ့ထည့်ယူသွားတာ၊ ဟိုကျတော့ မုန့်ဟင်းခါးဆွမ်းကပ်လှူဖို့ ပြင်ဆင်ရင်းနဲ့ ဆရာတော်ကို အမှုနဲ့ပတ်သက်ပြီး လျှောက်ထားမိတာပေါ့၊ ဆရာတော်က တကာကြီးတို့ အခု ကျုပ်ကိုကပ်မှာက ဘာတွေလဲတဲ့၊ မုန့်ဟင်းခါးပါဘုရားလို့လျှောက်တော့ အဲဒါတွေပြန်ယူ၊ တခြားဟာကပ်တဲ့၊ ဒါနဲ့ ပြင်ထားတဲ့ မုန့်ဟင်းခါးပွဲသိမ်းပြီး အနီးအနားမှာ အလွယ်တကူရှာရတဲ့ လက်ဖက်ရည်နဲ့ မုန့်ကပ်လှူလိုက်တယ်၊ ပြီးတော့ ဆရာတော်က ဒီကနေ့ ခင်ဗျားတို့ အမှုစီရင်ချက်ချမှာဆိုတော့ ရပ်သွားအောင် ဒီလိုလုပ်၊ ယပ်တောင် (၅)ချောင်းယူသွား၊ ရွှေတိဂုံတောင်ဘက်မုခ် ဓာတ်လှေကားနားမှာ ရပ်စောင့်နေ၊ ဘုန်းကြီးတစ်ပါးပါး ရပ်တန့်နေတာကို တွေ့တာနဲ့ တစ်ပြိုင်နက် အဲဒီယပ်တောင်(၅)ချောင်းကို လှူလိုက်ပေတော့တဲ့၊ ဒါနဲ့ ကျုပ်တို့လဲ ဆရာဘုန်းကြီး အမိန့်ရှိတဲ့အတိုင်း ဆောင်ရွက်တာပေါ့၊ တိုက်တိုက်ဆိုင်ဆိုင်ပါပဲ၊ ရွှေတိဂုံဘုရားဆိုတာကလဲ ပွဲတော်ကြီးတမျှ ဘုရားဖူးကများတာကိုး၊ အဲ ဘုန်းကြီးတစ်ပါး ရောက်လာပြီး သူနဲ့အတူပါလာတဲ့ ဒကာဒကာမတွေကို ရပ်တန့်ပြီးစောင့်နေတယ်၊အဲဒီအချိန်ယပ်တောင်အပြေးအလွှားလှူလိုက်တာပေါ့၊ ကျုပ်တို့ အဲဒီလိုကိစ္စတွေကို နံနက်ပိုင်းမှာ အပြီးဆောင်ရွက်လိုက်တယ်၊ နေ့လယ်ကျတော့ ရုံးသွားကြတာပေါ့၊ ရုံးက ရှေ့ဖတ်စာရေးက ဘာပြောတယ်မှတ်သလဲ၊ ဆရာကြီးတို့

ကို တရားစွဲဆိုတဲ့ တရားလိုက အမှုကိုနှုတ်သိမ်းသွားတဲ့၊ ကဲ. . ခဏ ရပ်ရုံတင် မကဘူး၊ အမှုကို အပြီးရပ်သွားစေတော့တာပဲဗျို့၊ ဆရာ သတိထားမိရဲ့လား၊ ဆရာတော်က မုန့်ဟင်းခါးကပ်လှူရင်း အမှု အကြောင်း ပြောမှာဆိုတော့ အမှုကို အမျှင်မပြတ်ဘူးလို့ အဓိပ္ပာယ်ဖွင့်ဆိုတာကိုးဗျ၊ ရပ်တော်မူနေတဲ့ ဘုန်းကြီးကိုယပ် (၅)ချောင်းလှူခိုင်းတာက အမှုကိစ္စရပ်တန့်သွားစေတဲ့ သဘော ပေါ့ဗျာ၊ အင်း. . . လောကီကိစ္စတွေက ဆန်းကျယ်သားပဲ”ဟု ခပ်လေးလေးကြီး ပြောပြပါသတည်း။

## ငွေဗျိုင်းဖြူကပေးတဲ့ငါး သိန်းဆုနဲ့ညား

မကွေးတိုင်း ဆင်ဖြူကျွန်းမြို့အမှတ် (၄) ရပ်ကွက်မှ ဦးသာ အေး ဒေါ်ငွေရတို့ဇနီးမောင်နှံသည် အဝတ်များကို လျှော်ဖွပ် ပေးရသော အလုပ်ဖြင့် အသက်မွေးဝမ်းကျောင်းပြုကြရသည်။

တစ်နေ့သောအခါ ဧရာဝတီမြစ်ဆိပ်ကမ်း၌ ဒေါ်ငွေရက အဝတ်များကို တစ်ထည်ပြီးတစ်ထည် လျှော်ဖွပ်၍ ဦးသာအေး က အဝတ်များကို မြစ်ကမ်းနဖူး သဲသောင်ပြင်ပေါ်တွင် နေလှန်း ပေးရသည်။

ထိုစဉ် ဗျိုင်းကလေးတစ်ကောင်သည် ငါးကလေးတစ်ကောင် ကို ကိုက်ချီထားပြီး ဦးသာအေး လှန်းထားသော အဝတ်များ ပေါ်သို့ ပစ်ချသွားလေသည်။ ဦးသာအေးသည် ငါးကလေးကို

ကောက်ယူကြည့်သောအခါ အသက်မသေသည်ကို တွေ့ရသဖြင့် မြစ်ရေထဲသို့ လွှတ်လိုက်လေသည်။

ညနေစောင်းသောအခါ ဦးသာအေးသည် ထီတစ်စောင်ထိုး၏။ (ထိုစဉ် ၂-ကျပ်တန်ထီ ဖြစ်ပါသည်) အတိတ်မှာ "ငွေဗျိုင်းဖြူကပေးတဲ့ငါး သိန်းဆုနဲ့ညား"ဟူ၏။ ထီဖွင့်သောအခါ ဦးသာအေးတို့ သိန်းဆုကြီး ပေါက်လေ၏။

## အတိတ်ကောင်း/နိမိတ်ကောင်း

မိမိတို့၏ သွားလာမှု ဝန်းကျင်၌ တွေ့မြင်ရသော အဆင်း၊ အသံ၊ အနံ့တို့ကို နိမိတ်ကောက်ယူနိုင်ပါသည်။ နိမိတ်ကောင်းများ တင်ပြရသော်. . . ။

၁။ မိမိသည် တစ်စုံတစ်ခု လုပ်ငန်း၊ အမှုကိစ္စအတွက် ဆောင်ရွက်ရန် ထွက်အလာတွင် သင်းပျံ့မွှေးကြိုင်သော ပန်းနံ့သာကို တွေ့မြင်ခဲ့သော် လုပ်ငန်းကိုင်ငန်း အောင်မြင်အံ့။

၂။ တစ်စုံတစ်ခုကိစ္စအတွက် မိမိအိမ်မှအထွက်တွင် ဆင်ရတနာ၊ မြင်းရတနာ ရွှေ၊ ငွေ ကျောက်သံပတ္တမြားရတနာများကို မြင်တွေ့သော် အလုပ်ကိစ္စ အောင်မြင်မည်။

၃။ တစ်စုံတစ်ခုကိစ္စ ဆောင်ရွက်ရန် မိမိနေအိမ်မှ ထွက်အလာတွင် မိမိ၏ရှေ့တွင် ဘုရား၊ တရား၊ သံဃာတော်များ ပင့်ဆောင်လာသော ယာဉ်ရထားမြင်တွေ့သော် လုပ်ငန်းကိစ္စအဝဝ ပြီးမြောက်အံ့။

၄။ မိမိနေအိမ်ဝင်းအတွင်းသို့ မည်သည့်ငါးသတ္တဝါမဆို ဝင်ရောက်လာသည်ကို မြင်ရသော် ပစ္စည်းဥစ္စာဝင်၍ အကြံအစည် အောင်မြင်မည်။

၅။ မိမိသည် နေအိမ်မှ ကိစ္စကြီးငယ်ဆောင်ရွက်ရန် ထွက်၍အလာတွင် ပထမဦးစွာ ရွှေတွဲလွဲ ငွေတွဲလွဲ ဝတ်ဆင်ထားသူကို မြင်တွေ့သော် အလုပ်ကိစ္စ ပြီးမြောက်အောင်မြင်မည်။

၆။ ကိစ္စကြီးငယ်ဆောင်ရွက်ရန်အတွက် မိမိအိမ်မှ ထွက်အလာတွင် အဆိပ်ရှိသော မြွေသတ္တဝါကိုလည်းကောင်း၊ ပျားကောင်နှင့် ကင်းတို့ကို တွေ့မြင်ရသော အကြံအစည် ကိစ္စ ပြီးမြောက်သည့်အပြင် လာဘ်ရအံ့။

၇။ ကိစ္စတစ်ခုဆောင်ရွက်ရန်အတွက် မိမိအိမ်မှ ထွက်အလာတွင် အမည်နာမ ထင်ရှားကျော်စောသူကို လည်းကောင်း၊ မြင့်မြတ်သော ဘုန်းကြီး ရဟန်း တွေ့မြင်ရသော် လာဘ်ရွှင်အံ့၊ အကြံအစည် အောင်မြင်အံ့။

၈။ အမှုကိစ္စဆောင်ရွက်ရန် မိမိအိမ်မှထွက်အလာတွင် ရွှေထီး ဆောင်း၍ ရှင်လောင်းလှည့်လာသည်ကို တွေ့မြင်ရသော် အကြံအစည်အောင်မြင်၍ လာဘ်ရမည်။

၉။ မီးငြိမ်းသတ်ပြီးပြန်လာသော မီးသတ်ကားကို မြင်တွေ့ ရသော် မိမိကြုံတွေ့နေရသော ပူပင်သောကများ ငြိမ်းအေး အံ့။

## ပျားစွဲနိမိတ်

ရှေးက ဆရာမြတ်တို့က ပျားစွဲခြင်းနှင့် ပတ်သက်၍ ကောင်း သောနိမိတ်၊ မကောင်းသောနိမိတ်ဟူ၍ ခွဲခြားပြဆိုခဲ့ပါသည်။

ပျားသည် အိပ်ရာသင်ဖြူးအောက်၌ လည်းကောင်း၊ ထမင်း အိုး ဟင်းအိုးတို့တွင် ပျားစွဲက ကောင်းသောနိမိတ် ဖြစ်ပါသည်။

အိမ်ခေါင်မိုး၊ ထုပ်၊ လှေကား၊ နံရံတို့တွင် ပျားစွဲက မကောင်းသောနိမိတ် ဖြစ်ပါသည်။ ထိုမကောင်းသောနိမိတ် ပြဆိုရာနေရာ၌ ပျားစွဲခဲ့သော် ပစ္စည်းပျက်ပြား ဆုံးရှုံးတတ်ခြင်း၊ နာဖျားမကျန်းဖြစ်၍ သေဆုံးတတ်ပါသည်။

အကယ်၍ မကောင်းသောနေရာ၌ ပျားစွဲခဲ့သော် အိမ်ကို ဖျက်၍ လှူခြင်းပြုပါက ငြိမ်းအေးပါသည်။

လောကဟိတရာသီကျမ်းကမူ အိမ်ရှေ့တွင် ပျားစွဲသော် သေ ကြေ ပျက်စီးအံ့။ အရှေ့တောင်ထောင့်၌ ပျားစွဲမူ မီးလောင်အံ့။

အမြင့်ထရံလှေကားတို့၌ ပျားစွဲဟူသော် သေကြေပျက်စီးအံ့။ အိပ်ရာသင်ဖြူး၊ ထမင်းအိုး၊ ဟင်းအိုးတို့ကို ပျားစွဲမူ ချမ်းသာ ကြွယ်ဝအံ့။

လူတို့ဝတ်သော အဝတ်ပုဆိုးတို့ကို ပျားစွဲမူ ယောက်ျားဖြစ်မူ မင်းဖြစ်အံ့၊ မိန်းမဖြစ်မူ မိဖုရားဖြစ်အံ့။

## အသားလှုပ်ခြင်းနိမိတ်

လူတို့၏ ကိုယ်ကာယအင်္ဂါ ကြီးငယ်အစိတ်အပိုင်းတို့ လှုပ်ခြင်းသည် ဖြစ်ရန် သို့မဟုတ် ပျက်ရန်အတွက် နိမိတ်ပြလှုပ်ခြင်း ဖြစ်ပါသည်။

ထိုကဲ့သို့ အသားလှုပ်ရာ၌ သွေးလေကြောင့် လှုပ်သည်လည်းရှိသလို ဖြစ်လိုပျက်လိုသောကြောင့် နိမိတ်ပြလှုပ်ခြင်းလည်းရှိရာ မိမိတို့ဉာဏ်ပညာဖြင့် ဝေဖန်ပိုင်းခြား၍ နိမိတ်ကောက်ယူကြပါ။

၁။ ငယ်ထိပ်လှုပ်မူ မင်းပူဇော်ခြင်း ခံရအံ့။

၂။ လက်ဝဲဦးကင်းလှုပ်မူ သတင်းကောင်းကြားရအံ့၊ အကြံအစည် အထမြောက်အံ့။

၃။ လက်ယာဦးကင်းလှုပ်မူ လာဘ်ရအံ့။

၄။ လက်ယာအထက် မျက်ခုံးလှုပ်မူ လာဘ်ရအံ့။ အဆွေခင်ပွန်းကောင်းနှင့် တွေ့ကြုံရအံ့။

၅။ အောက်မျက်ခမ်းလှုပ်မူ သူတစ်ပါးတို့နှင့် ရန်ခိုက်ဒေါသဖြစ်အံ့။

၆။ လက်ဝဲအထက်မျက်ခမ်းလှုပ်မူ အကြံအစည်အောင်မြင်အံ့။

၇။ လက်ယာနားလှုပ်မူ ချမ်းသာသုခရအံ့။

၈။ လက်ဝဲနားလှုပ်မူ သူတစ်ပါးတို့နှင့် ခိုက်ရန်ဒေါသဖြစ်အံ့။

၉။ လက်ယာနှာခေါင်းလှုပ်မူ ချစ်သူခင်သူများအံ့၊ ခင်ပွန်းကောင်း ရအံ့။

၁၀။ လက်ဝဲနှာခေါင်းလှုပ်မူ ချမ်းသာသုခရအံ့။

၁၁။ လက်ယာဘက်အောက်နှုတ်ခမ်းလှုပ်မူ ခိုက်ရန်ဒေါသဖြစ်အံ့။

၁၂။ အထက်နှုတ်ခမ်းလှုပ်မူ အဝေးမှ သတင်းကောင်းကြားရအံ့။

၁၃။ မေးလှုပ်မူ စကားကြောင့် အမှုဖြစ်အံ့၊ ဆင်ခြင်လေ။

၁၄။ လည်ပင်းလှုပ်မူ အဝတ်တန်ဆာရအံ့၊ ရွှေငွေရအံ့၊ ထင်ရှားကျော်စောအံ့။

၁၅။ လက်ယာပခုံးလှုပ်မူ မယားကောင်းရအံ့၊ ဆင်မြင်းရအံ့။

၁၆။ လက်ဝဲပခုံးလှုပ်မူ ဥစ္စာလာဘ်ရအံ့။

၁၇။ လက်ယာဘက်ဆီးစပ်လှုပ်မူ ထင်ရှားကျော်စောအံ့

၁၈။ လက်ဝဲဘက်ဆီးစပ်လှုပ်မူ လူလိမ်နှင့်တွေ့၍ ဥစ္စာဓန ပျက်စီးအံ့။

၁၉။ ကျောလှုပ်မူ အဝတ်အစားရအံ့။

၂၀။ လက်ယာလက်ရုံးလှုပ်မူ ချစ်သူက ပစ္စည်းဥစ္စာပေးလာအံ့။

၂၁။ လက်ဝဲလက်ရုံးလှုပ်မူ သူတစ်ပါးက ပစ္စည်းဥစ္စာ လာရောက်၍ ပေးအံ့။

၂၂။ လက်ယာလက်ညှိုးလှုပ်မူ စားကောင်းသောက်ဖွယ်တို့စားရအံ့။

၂၃။ လက်ဝဲလက်ဝါးလှုပ်မူ မကောင်းပါ။ ဦးခေါင်းကို ပရိတ်ရေဆွတ်၍ ဆေးကြောပါလေ။

၂၄။ လက်ယာရင်ဘတ်လှုပ်မူ စိတ်နှလုံးချမ်းသာမှုရအံ့။

၂၅။ ချက်လှုပ်မူ ဥစ္စာရအံ့၊ ခင်ပွန်းကောင်းရအံ့။

၂၆။ လက်ဝဲဘက်ဝမ်းအပြင်လှုပ်မူ လာဘ်ရအံ့။

၂၇။ လက်ယာဘက်ဝမ်းအပြင်လှုပ်မူ စားကောင်းသောက်ဖွယ်များ စားရအံ့။

၂၈။ လက်ယာပါးပြင်လှုပ်မူ စားကောင်းသောက်ဖွယ်များ စားရအံ့။

၂၉။ လက်ဝဲပါးပြင်လှုပ်မူ ချစ်သူနှင့် စကားပြောရအံ့။

၃၀။ လက်ယာဘက်နဖူးလှုပ်မူ အခြံအရံများအံ့။

၃၁။ လက်ဝဲဘက်နဖူးလှုပ်မူ အမျက်ဒေါသ ဖြစ်ပွားရအံ့။
၃၂။ ခြေလက်အင်္ဂါလှုပ်မူ ပစ္စည်းပျောက်အံ့။
၃၃။ လက်ဝဲဘက်လည်ကုပ်လှုပ်မူ ရွှေငွေပစ္စည်းရအံ့။
၃၄။ လက်ယာဘက်လည်ကုပ်လှုပ်မူ ဥစ္စာပစ္စည်းရအံ့။
၃၅။ လက်ယာတင်သားလှုပ်မူ ဆင်မြင်းစီးရအံ့။
၃၆။ လက်ဝဲတင်သားလှုပ်မူ ချမ်းသာစွာနေရအံ့။
၃၇။ ခါးလှုပ်မူ ပစ္စည်းဥစ္စာပျောက်အံ့။
၃၈။ လက်ယာပေါင်လှုပ်မူ လာဘ်ရအံ့။
၃၉။ လက်ဝဲပေါင်လှုပ်မူ ချစ်သူနှင့် စကားဆိုရအံ့။
၄၀။ လက်ဝဲဒူးဆစ်လှုပ်မူ ခိုက်ရန်ဖြစ်အံ့။ ရှောင်လေ။
၄၁။ လက်ယာဒူးဆစ်လှုပ်မူ လာဘ်ရအံ့။
၄၂။ လက်ယာခြေသလုံးလှုပ်မူ လာဘ်ရအံ့။
၄၃။ လက်ဝဲခြေသလုံးလှုပ်မူ မိန်းမနှင့် ရန်ဖြစ်ရအံ့။
၄၄။ လက်ယာခြေဖမိုးလှုပ်မူ ကောင်း၏။ အဆွေခင်ပွန်းထံ သွားရအံ့။
၄၅။ လက်ဝဲခြေဖဝါးလှုပ်မူ အမှတ်မထင် ခရီးသွားရအံ့။
၄၆။ လက်ယာသားမြတ်လှုပ်မူ ဥစ္စာပျောက်အံ့။
၄၇။ လက်ဝဲသားမြတ်လှုပ်မူ ကောင်းသော ဓနဥစ္စာရအံ့။
၄၈။ လက်ယာလက်လှုပ်မူ မင်း ပူဇော်ခံရအံ့။
၄၉။ လက်ဝဲလက်လှုပ်မူ ဥစ္စာပစ္စည်း လာဘ်ရအံ့။

## မြေငလျင်လှုပ်ခြင်း

ရွှေတောင်မြို့ ကျီးသဲလေးထပ် ဆရာတော်ဘုရားကြီး စီရင်ဖြေဆိုအပ်သော "စွယ်စုံကျော်ထင်"ကျမ်းတွင် . . .

မြေကြီးလှုပ်ရန် ရှစ်ပါးလွန်ချန်၍ ဘယ့်ကြောင့် ဟောသနည်း။

၁။ မြေရေကိုခံသော လေဓာတ် လှုပ်ရှားခြင်းတည်းဟူသော ဝါယောဓာတ်ပျက်၍ လှုပ်ခြင်း။

၂။ တန်ခိုးကြီးသောသူတို့ကြောင့် လှုပ်ခြင်း။

၃။ ဘုရားအလောင်းသည် မယ်တော်၏ဝမ်း၌ ပဋိသန္ဓေတည်နေသောအခါ လှုပ်ခြင်း။

၄။ ဖွားတော်မူသောအခါ လှုပ်ခြင်း။

၅။ ဘုရားဖြစ်တော်မူသောအခါ လှုပ်ခြင်း။

၆။ ဓမ္မစကြာတရားကို ဟောတော်မူသောအခါ လှုပ်ခြင်း။

၇။ အာယုသင်္ခါလွှတ်တော်မူသောအခါ လှုပ်ခြင်း။

၈။ ပရိနိဗ္ဗာန် ပြုတော်မူသောအခါ လှုပ်ခြင်း။

ထိုရှစ်ပါးတို့တွင် ပထမအကြောင်းသည် ဥတုပျက်၍၊ စိတ်ဖောက်ပြန်၍ လှုပ်၏။ ဒုတိယအကြောင်းသည် တန်ခိုးအာနုဘော်ကြောင့် လှုပ်၏။ တတိယအကြောင်းနှင့် စတုတ္ထအကြောင်း

တို့ကား ကုသိုလ်ကံ၏ တန်ခိုးကြောင့် လှုပ်၏။ ပဉ္စမ အကြောင်းကား ဉာဏ်၏ တန်ခိုးကြောင့် လှုပ်၏။ ဆဋ္ဌမ အကြောင်းကား ကောင်းချီး ပေးသဖြင့် လှုပ်၏။ သတ္တမ အကြောင်းကား သနားသည်၏အပြစ်ဖြင့် လှုပ်၏။ အဋ္ဌမ အကြောင်းကား ငိုကြွေးသောအကြောင်းကြောင့် လှုပ်၏။

မနုဿလောကေလူပြည်၌ ဘုဥ္စမာနာနံ စည်းစိမ်ချမ်းသာကို ခံစားကုန်သော မဟာပုညံကြီးသော ဘုန်းရှိကုန်သော ရာဇရာဇ မဟာမတ္တာဒီနံမင်း၊ မင်း၏အမတ် အစရှိကုန်သော သူတို့အား ပညာယမာနာနီတင်လတ်ကုန်သော ဥက္ကပါတဘူမိ စာလစန္ဒဂ္ဂါဟာ ဒီနိဥက္ကာပျံခြင်း၊ မြေလှုပ်ခြင်း၊ လကြတ်ခြင်း အစရှိကုန်သော နိမိတ္တာမိ နိမိတ်တို့သည် သိယံ့ဖြစ်ကုန်၏။ ဣတိ၊ ဤသို့။ မဟာပဒါန သုတ္တဝဏ္ဏနာဒီသု၊ မဟာပဒါနသုတ် အဋ္ဌကထာအစရှိသည်တို့၌။ ဝိသုံ၊ အသီး။ ဝုံတ္တတ္တာ၊ဆိုအပ်သည်၏ အကြောင်းကြောင့်။ဣတော၊ဤသို့ဆိုအပ်ခဲ့ပြီဖြစ်သော အကြောင်း ရှစ်ပါးမှ အညေသုပိ၊တစ်ပါးလည်းဖြစ်ကုန်သော၊ ကာရဏေသု၊ အကြောင်းတို့ကြောင့်။ ပဒေသပထဝီ ကမ္ပနဥ္စ၊တစ်စိတ်တစ်ဒေသ သော မြေလှုပ်ခြင်းသည် လည်းကောင်း၊ မဟာပထဝီ ကမ္ပနဥ္စ များစွာသော မြေလှုပ်ခြင်းသည် လည်းကောင်း၊ ဟောတိ၊ ဖြစ်၏။ ဣတိဇ၀ံ၊ဤသို့အနေကေသုများစွာကုန်သော။ ပထဝီကမ္ပနကာရ ဏေသု၊ မြေလှုပ်ခြင်း၏ အကြောင်းတို့သည် ဝိဇ္ဇာမာနေသု ထင်ရှားကုန်လျက် ကိမတ္တံ၊ အဘယ်အကျိုးငှာ။ ဘဂဝတော၊ မြတ်စွာဘုရားသည်။ အဋ္ဌော၊ ဆယ်ပါးသာလျှင် ဖြစ်ကုန်သော။

ပထဝီကမ္ပနကာရဏာ မြေလှုပ်ခြင်း၏ အကြောင်းတို့ကို။ ဝုတ္တာ၊ ဟောတော်မူလေသနည်း။ ဣတိအယံ၊ ဤသည်ကား ပုစ္ဆာ အမေးတည်း။ တေသံယော၊ ထိုရှစ်ပါးသော မြေလှုပ်ခြင်းတို့သာလျှင်။ နိယမတ္တာ၊ မြဲသည်၏အဖြစ်ကြောင့်။ ဝုတ္တာ၊ ဟော်တော်မူအပ်ကုန်၏။

ဝါယုဓာတုကောပနက္ကဒ္ဒိဝိကုဗ္ဗန အစရှိသော အကြောင်း ရှစ်ပါးတို့ကြောင့် မြေလှုပ်ခြင်းကား အမြဲအားဖြင့် အမှန် ဖြစ်သည်။ ဤမှ တစ်ပါးသော အကြောင်းတို့ကြောင့် လှုပ်ခြင်း ကား အမြဲမဟုတ်သောကြောင့် အလွန်ကို ချန်၍ ဟော၏ဟူ လိုသည်။

## လ-အလိုက် မြေငလျင်လှုပ်ခြင်း

## အကျိုးအပြစ်

၁။ တန်ခူးလ မြေငလျင်လှုပ်မူ
ဘေးရန်ခပ်သိမ်း ကွယ်ပျောက်အံ့။

၂။ ကဆုန်လလှုပ်မူ
ပြည်ရွာတိုင်း ပျက်အံ့။ တစ်နည်း သစ်ပင်ပန်းမန် ကောင်းအံ့ဟုလည်း ဆို၏။

၃။ နယုန်လလှုပ်မူ
သတ္တဝါအများ ပျက်စီးအံ့။

၄။ ဝါဆိုလာလှုပ်မူ
ပြည့်ရှင်မင်းကြီး ပျက်စီးအံ့။

၅။ ဝါခေါင်လလှုပ်မူ
ရန်သူနှိပ်စက်အံ့။

၆။ တော်သလင်းလလှုပ်မူ
ရဟန်းပုဏ္ဏားတို့ အကျင့်သီလပျက်အံ့။

၇။ သီတင်းကျွတ်လ လှုပ်မူ
မိဖုရားတို့ သေပျောက်အံ့၊ အမတ်ကြီး ဘေးသင့်အံ့
ဟူ၍လည်း ဆို၏။

၈။ တန်ဆောင်မုန်းလ လှုပ်မူ
ဘုရားပုထိုးတို့ ပြိုပျက်အံ့။

၉။ နတ်တော်လ လှုပ်မူ
စစ်ကြီး ရောက်အံ့။

၁၀။ ပြာသိုလ လှုပ်မူ
ပြည်ရွာ ချောက်ချားအံ့။

၁၁။ တပို့တွဲလ လှုပ်မူ
ပြည်ရွာ ပျက်စီးအံ့။

၁၂။ တပေါင်းလ လှုပ်မူ
ပြည်ရွာတိုင်း ပျက်စီးအံ့။

## နေ့အလိုက် မြေလှုပ်ခြင်း အကျိုးအပြစ်

၁။ တနင်္ဂနွေနေ့လှုပ်မူ
ပြည်ရွာတိုင်း ဝပြောသာယာအံ့။

၂။ အင်္ဂါနေ့လှုပ်မူ
ရန်သူ ရောက်လာအံ့။

၃။ တနင်္လာနေ့လှုပ်မူ
မြေသြဇာ တိုးတက်အံ့။

၄။ ဗုဒ္ဓဟူးနေ့လှုပ်မူ
အရပ်တစ်ပါးမှ ပညာရှိများ ရောက်လာအံ့။

၅။ ကြာသပတေးနေ့လှုပ်မူ
ဘုရား ပစ္စေကာ ဗုဒ္ဓါရဟန္တာ စကြဝတေးမင်းတို့ ပဋိသန္ဓေယူရာ ဖြစ်အံ့။

၆။ သောကြာနေ့လှုပ်မူ
ဘုန်းတန်ခိုးကြီးသော သူတော်ကောင်းတို့ ရောက်လာအံ့။

၇။ စနေနေ့လှုပ်မူ
ရဟန်း၊ ပုဏ္ဏား၊ သူဌေး သူကြွယ်တို့ ပျက်စီးအံ့။

ရှေးက သူဟောင်းတို့က ဤသို့ မှတ်တမ်းထားရစ်ခဲ့ကြပါသည်။ စာရေးသူတို့ ခေတ်ကာလ၌ ရေ၊ မြေ၊ လေ၊ မီး ဓာတ်ကြီးလေးပါး ဖောက်ပြန်၍ လှုပ်သည်လား၊ သီလဖြူစင်သော တန်ခိုးရှင်တို့ကြောင့် လှုပ်သည်လား စသည်ဖြင့် သဒ္ဓါ၊ ပညာ၊ သတိ၊ သမာဓိ၊ ဝီရိယတို့ဖြင့် စဉ်းစား ဝေဖန် ထောက်ချင့်သုံးသပ်ကြပါဟု အစီရင်ခံရပါသတည်း။

## အိပ်မက်

အိပ်မက်နှင့် ပတ်သက်၍ ယနေ့အထိ မပျောက်မပျက် တည်ရှိနေသော အိပ်မက်များမှာ-

၁။ လွန်ခဲ့သော နှစ်ပေါင်း ၂၆၀၀ ခန့်က ဘုရားအလောင်းတော် သိဒ္ဓတ္ထမင်းသား ပဋိသန္ဓေယူစဉ် မယ်တော် မာယာဒေဝီ မက်ခဲ့သော အိပ်မက်။

၂။ လွန်ခဲ့သော နှစ်ပေါင်း ၂၆၃၅ ခန့်က အလောင်းတော် သိဒ္ဓတ္ထမင်းသား မက်ခဲ့သည့် အိပ်မက်။

၃။ ကောသလမင်းကြီး မက်ခဲ့သော (၁၆) ချက်သော အိပ်မက်တို့ ဖြစ်ပါသည်။

ဗုဒ္ဓဝင်၌ ပါရှိခဲ့သော အိပ်မက်တို့သည် မှားသည် မရှိ။ တိတိကျကျ မှန်ကန်ခဲ့ပါသည်။

## အိပ်မက် မက်သော အချိန်ကာလ

မြန်မာ့ဓလေ့ ထုံးစံအတိုင်း ရှေးဟောင်း ဆရာမြတ်တို့က အိပ်မက် မက်သော အချိန်ကာလကို ဝေဖန် သုံးသပ်ထားခဲ့ကြပါသည်။

၁။ ညနေ (၆) နာရီမှ (၁၀) နာရီအထိ မက်သော အိပ်မက်သည် မမှန်။

၂။ ည၌ (၁၀)နာရီမှ သန်းခေါင်ကျော် (၂) နာရီအထိ မက်သော အိပ်မက်သည် မှန်သည်လည်း ရှိ၏ မမှန်သည်လည်း ရှိ၏။ သို့သော် မမှန်သည်က များသည် ဟူ၏။

၃။ ည၌သန်းခေါင်ကျော် (၂) နာရီမှ နံနက်အရုဏ် (၆) နာရီအထိ မက်သော အိပ်မက်တို့သည် မှန်ကန်သည်ဟု ဆိုမိန့်ခဲ့ကြပါသည်။

ထို့ပြင် နံနက် (၂) နာရီမှ (၄) နာရီ မက်သော အိပ်မက်။ နံနက် (၃)နာရီမှ (၅) နာရီအတွင်း မက်သော အိပ်မက်တို့သည် ပိုမိုတိကျ မှန်ကန်ကြောင်းနှင့် နံနက် (၅) နာရီမှ (၆) နာရီ အတွင်း မက်သော အိပ်မက်သည် အနည်းငယ် တိမ်းစောင်းတတ်ကြောင်းများ ဆိုမိန့်ခဲ့ကြပါသည်။

ထိုယူဆချက်များ သဘာဝကျလှ၏။ အိပ်မက်၏ မှန်ကန်နိုင်သော အချိန်ကို ကြည့်လျှင် အစာကြေညက်၍ ခန္ဓာကိုယ် သွေး

လည်ပတ်မှု မှန်ကန်သော အချိန်ပိုင်းများ ဖြစ်နေသည်ကို တွေ့ရပါသည်။

ညဥ့်အခါသာ မဟုတ်သေး။ နေ့ဘက်တွင် အိပ်၍ မက်သော အိပ်မက်များနှင့် ပတ်သက်၍ (၂)ပိုင်း ခွဲပြထားသေးသည်။ နေထွက်ချိန်မှ မွန်းတည့်ချိန်အထိ မက်သော အိပ်မက်များသည် မှန်ကန်ခဲ့သော် သုံးရက်အတွင်း အဆိုးအကောင်း ပြပါသည်။ ထိုရက်ထက်ကျော်လွန်သွားပါက အရှိန်လျော့သွားပါလိမ့်မည် ဆိုပါသည်။

တစ်ဖန် မွန်းတည့်ချိန်မှ နေဝင်ချိန်အထိ မက်သော အိပ်မက်များ မှန်ကန်မည် ဆိုပါက ခုနစ်ရက် အတွင်း အဆိုးအကောင်း ဖြစ်စေတတ်၏။ ခုနစ်ရက် ကျော်ပါက အရှိန်အဟုန် ကျသွားသည်ဟု ဆိုမိန့်ကြပါသည်။

## အိပ်မက်က ပြောသော နိမိတ်များ

အိပ်မက် မက်ကြရာ၌-

၁။ သွေးလေချောက်ချား၍ မက်ခြင်း။

၂။ ရှေးက တွေ့ကြုံ ကျင်လည်ခဲ့ဖူးသောကြောင့် မက်ခြင်း။

၃။ နတ်တို့ လှည့်ပတ်သောကြောင့် မက်ခြင်း။

၄။ နိမိတ်ထင်စေသောကြောင့် မက်ခြင်း။

မိမိ မက်သော အိပ်မက်သည် အတိတ် နိမိတ်ကို ပြသော လက္ခဏာရှိပါက မိမိတို့၏ ဝန်းကျင်ရှိ ဆရာ၊ မိဘ၊ ရဟန်းသံဃာ တော်များထံ လျှောက်ထား တင်ပြ ပြောဆိုသင့်သည်။ သို့မှသာ မကောင်းသော နိမိတ်၊ ကောင်းသော နိမိတ်ဟု သိရမည်။

အကယ်၍ မကောင်းသော အတိတ်နိမိတ်တို့ကို မြင်မက်ပါက ဘုရားရှိခိုးခြင်း၊ ပရိတ်ရွတ်ခြင်းအပြင် "ပရိတ်တော်ရေ" ကို ဦးခေါင်းသို့ ဆွတ်ဖြန်းခြင်း၊ ညောင်ထောက်ခြင်း၊ တံတား ဆောက်ခြင်း ကုသိုလ်ဒါနပြုခြင်းဖြင့်လည်း ပျက်ပြယ်ပြေပျောက် စေနိုင်ပါသည်။

အိပ်မက်မက်ခြင်းနှင့် ပတ်သက်၍ အကျိုးအပြစ်တို့ကို ရှေးက ဆရာမြတို့ ညွှန်ကြားခဲ့သည့်အတိုင်း တင်ပြပါအံ့။

## သောက်ခြင်းနှင့် ဆိုင်ရာ မြင်မက်ခြင်း

၁။ မြစ်ရေကို သောက်ရသည်ဟု မြင်မက်သော
ကျော်စော်ထင်ရှားအံ့။

၂။ နွားနို့ သောက်ရသည်ဟု မြင်မက်သော်
ဥစ္စာဓန များစွာ ရအံ့၊ ဂုဏ်သတင်း ကျော်စောအံ့။

၃။ သမုဒ္ဒရာရေကို သောက်ရသည်ဟု မြင်မက်သော်
လာဘ်လာဘ ကြီးကြီးမားမားရအံ့။

၄။ ပျားရည်ကို သောက်ရသည်ဟု မြင်မက်သော်
ကြံစည်သမျှ ပြီးမြောက် အောင်မြင်မည်။

၅။ အိမ်ခေါင်မိုးပေါ်သို့ တက်၍ ရေသောက်ရသည်ဟု မြင်
မက်သော်
မင်းဆရာ ဖြစ်အံ့။

၆။ နို့ကို ရွှေခွက်နှင့် သောက်ရသည်ဟု မြင်မက်သော
ကြီးစွာသော လာဘ်ကို ရအံ့။

၇။ သေရည်အရက်ကို သောက်ရသည်ဟု မြင်မက်သော
စိုးရိမ်သောက ကြောင့်ကြမှုများ ကြုံရအံ့။

## စီးခြင်းနှင့်ဆိုင်ရာ မြင်မက်ခြင်း

၁။ မြင်းစီးရသည်ဟု မြင်မက်သော်
ကြီးစွာသော စည်းစိမ်ရှင် ဖြစ်အံ့။

၂။ မိကျောင်းစီးရသည်ဟု မြင်မက်သော်
ဘေးရန်ကွယ်ပျောက်အံ့။

၃။ သဘော်(သို့မဟုတ်)လှေကြီးစီးရသည်ဟု မြင်မက်သော်
မြင့်မြတ်သူဖြစ်အံ့။

၄။ ဆင်ဖြူစီးရသည်ဟု မြင်မက်သော်
အမတ်ဖြစ်အံ့။

၅။ မြင်းရထားစီးရသည်ဟု မြင်မက်သော
မယားကောင်းရအံ့။

၆။ မြင်း၏လည်ပင်းကို ဖက်၍ စီးရသည်ဟု မြင်မက်သော်
ကြံတိုင်းအောင်အံ့။

၇။ နွားလည်ပင်းကိုဖက်၍ စီးရသည်ဟု မြင်မက်သော်
ချမ်းသာ ကြွယ်ဝတော့အံ့။

၈။ လှေစီးရင်း ရေနစ်သည်ဟု မြင်မက်သော်
နိမိတ်မကောင်းပါ။

၉။ သူတစ်ပါး ဆင်စီးသည်ကို မြင်မက်သော်
ဥစ္စာ ရွှေငွေ များစွာ တိုးတက်အံ့။

၁၀။ နွားလှည်းစီးရသည်ဟု မြင်မက်သော်
ကြွယ်ဝ ချမ်းသာအံ့။

၁၁။ ကျားစီးရသည်ဟု မြင်မက်သော်
မင်းအစိုးရ သူကြီးတို့က မ,စခြင်းကို ခံရအံ့။

၁၂။ ဝက်ကိုစီးရသည်ဟု မြင်မက်သော်
နာဖျားတော့အံ့။

၁၃။ ကျွဲ၊ နွားများဖြင့် လယ်ယာထွန်ယက်သည်ကို မက်သော်
စည်းစိမ်ချမ်းသာများအံ့။

၁၄။ ဆင်စီးရသည်ဟု မြင်မက်သော်
လာဘ်များစွာရအံ့။

## စားခြင်းနှင့် ဆိုင်ရာ မြင်မက်ခြင်း

၁။ သစ်သီးမှည့်၊ သခွားသီးမှည့် စားရသည်ဟု မြင်မက်သော်
လာဘ်ရ၏။

၂။ အုန်းသီး၊ ထန်းသီး စားရသည်ဟု မြင်မက်သော်
လာဘ်ရအံ့။

၃။ ဆီးသီး၊ သံပရာသီး၊ ချိုချဉ် စားရသည်ဟု မြင်မက်သော်
ဘေးရန်ကွယ်ပျောက်အံ့။

၄။ ငရုတ်၊ ပိတ်ချင်း၊ ချင်း စားရ မြင်မက်သော်
လူတို့၏ ဆရာဖြစ်အံ့။

၅။ ဟင်းသီး ဟင်းရွက်များ စားရသည်ဟု မြင်မက်သော်
ကြီးစွာသော လာဘ်ကို ရအံ့။

၆။ လိပ်၊ ငါး စားရသည်ဟု မြင်မက်သော်
စပါးဆန်ရေတိုးပွားအံ့။

၇။ ထမင်းစားရသည်ကို မြင်မက်သော်
လာဘ်ကြီးရအံ့။

၈။ မိကျောင်းသား၊ လိပ်သားတို့ကို စားရသည်ဟု မြင်မက်
သော်
လာဘ်ကြီးရအံ့။

၉။ လူသားစားရသည်ဟု မြင်မက်သော်
ဆင်ဖြင်း ရအံ့။

၁၀။ သား၊ ငါး အကင်စားရသည်ဟု မြင်မက်သော်
လာဘ်ရအံ့။

၁၁။ နွားနို့၊ ထောပတ်၊ တင်လဲ၊ သကာ စားရ မြင်မက်သော်
စိတ်နှလုံးချမ်းသာအံ့။

၁၂။ အူအသည်းကို စားရသည်ဟု မြင်မက်သော်
သူဌေး သူကြွယ်ဖြစ်အံ့၊ မင်းဖြစ်အံ့။

၁၃။ အခါး၊ အစပ် စားရသည်ဟု မြင်မက်သော်
မကောင်းပါ။

၁၄။ ငှက်ပျောသီး၊ ခရု၊ ပုစွန် စားရသည်ဟု မြင်မက်သော်
ဥစ္စာစီးပွားတိုးတက်အံ့။

၁၅။ ချေသားကို စားရသည်ဟု မြင်မက်သော်
လာဘ်ရအံ့။

## ဖမ်းခြင်းဆိုင်ရာ မြင်မက်ခြင်း

၁။ ခိုးသူဖမ်းမိသည်ဟု မြင်မက်သော်
တစ်မြို့တစ်ရွာသို့ ပြောင်းရွှေ့ရတတ်အံ့။

၂။ ပျံနေသောငှက်ကို ဖမ်းရသည်ဟု မြင်မက်သော်
ကျွဲ၊ နွား ရအံ့။

၃။ နဂါးကို ဖမ်းရသည်ဟု မြင်မက်သော်
ဘေးရန်ခပ်သိမ်း ကင်းငြိမ်းအံ့။

၄။ နေ၊ လ တို့ကို ဖမ်းမိသည်ဟု မြင်မက်သော်
မင်း၊ မှူးမတ်များထံမှ လာဘ်ရအံ့။

၅။ နွားကို ဖမ်းရသည်ဟု မြင်မက်သော်
အကြီးအမှူးဖြစ်အံ့။

၆။ မိကျောင်း ဖမ်းရသည်ဟု မြင်မက်သော်
မင်း၊ မှူးမတ်များထံမှ ဆုလာဘ်ရအံ့။

၇။ ငါးဟူသမျှ ဖမ်းမိသော်
ကောင်း၏။

၈။ ဆိတ်၊ နွား ဖမ်းမိသည်ဟု မြင်မက်သော်
ကျွဲ၊ နွား ရအံ့။

၉။ ကျား၊ မိကျောင်း ဖမ်းမိသည်ဟု မြင်မက်သော်
ကြီးစွာသော လာဘ်ရအံ့။

၁၀။ ကျွဲကို ကျော့ကွင်းနှင့် ဖမ်းမိသည်ဟု မြင်မက်သော်
အကြီးအမှူးဖြစ်အံ့။

## အမြင့်ကိုတက်ခြင်းဆိုင်ရာ မြင်မက်ခြင်း

၁။ အမြင့်အခေါင် အဖျားသို့ တက်သွားသည်ဟု မြင်မက်သော်
လူအပေါင်းတို့ထက် မြတ်သည်ဖြစ်အံ့။

၂။ တောင်ကုန်း၌ ထက်ဝယ်ဖွဲ့ခွေသည်ကို မြင်မက်သော်
မင်း၊ မှူးမတ် တစ်ခုခု ဖြစ်အံ့။

၃။ တော်ပေါ်သို့တက်ရသည်ကို မြင်မက်သော်
စစ်သူကြီးဖြစ်အံ့။

၄။ ဘုရား ပုထိုး စေတီ တောင်ပေါ်ထက် တက်ရသည်ကို မြင်မက်သော်
အရပ်လေးမျက်နှာတို့မှာ လာဘ်များစွာ ရောက်လာအံ့။

၅။ တောင်ပို့ထက်၌ စောင်းတီးသည်ဟု မြင်မက်သော်
ဖျားနာမကျန်း ဖြစ်တော့အံ့။

၆။ ကျောက်ဖျားထက်၌ ထက်ဝယ်ဖွဲ့ခွေနေသည်ဟု မြင်မက်သော်
မင်းဖြစ်အံ့၊ တစ်နည်း ထင်ရှားကျော်စောအံ့။

၇။ အိမ်ခေါင်မိုးပေါ် တက်ရသည်ကို မြင်မက်သော်
ထင်ရှားကျော်စောအံ့။

၈။ တောင်ကြီးအထက်သို့ လည်းကောင်း၊ ကမ်းပါးအမြင့်သို့ လည်းကောင်း တက်သည်ဟု မြင်မက်သော် အကြီးအကဲဖြစ်အံ့။

၉။ ဥသျှစ်ပင်ပေါ်တက်သည်ဟု မြင်မက်သော် သူကြီးဖြစ်အံ့။

၁၀။ မြင်းမိုရ်တောင်ပေါ် တက်ရသည်ဟု မြင်မက်သော် သို့မဟုတ် တောင်စဉ်ခုနစ်ထပ်ပေါ်သို့ တက်ရသည်ဟု မြင်မက်သော်
မင်းအကြီးအကဲဖြစ်အံ့။

၁၁။ သစ်ပင်ထက်တက်ရသည်ဟု မြင်မက်သော် လာဘ်ကြီးရအံ့။

## နေ၊ လ၊ ကြယ် တို့ကို မြင်ရသော်

၁။ နေ၊ လ၊ ကြယ်တို့ကို မြင်မက်သော် ထင်ရှားအံ့၊ စည်းစိမ်ချမ်းသာ တိုးတက်အံ့။

၂။ ရေအိုး၌ နေ၊ လ ကျနေသည်ဟု မြင်မက်သော် အိမ်ရှေ့မင်းသားဖြစ်အံ့။

၃။ လအိမ်ဖွဲ့သည်ကိုမြင်မက်သော် စိုးရိမ်သောကပျောက်၍ ချမ်းသာရောက်အံ့။

၄။ နေအိမ်ဖွဲ့သည်ဟု မြင်မက်သော်
ကြီးစွာသော အကျိုးစီးပွားဖြစ်ထွန်းအံ့။

၅။ ကြယ်ကို မြင်မက်သော်
စစ်သူကြီးဖြစ်အံ့။

၆။ နေ၊ လ တို့ကို ပိုက်ယူမိသည်ဟု မြင်မက်သော်
စည်းစိမ်ချမ်းသာ တိုးတက်အံ့။

၇။ လ သို့မဟုတ် နေ မိမိအပေါ်သို့ ကျရောက်လာသည်ဟု မြင်မက်သော်
ချမ်းသာစွာ နေထိုင်ရအံ့။

## အသံကြားခြင်းဆိုင်ရာ မြင်မက်ခြင်း

၁။ စည်ကြီး၊ မောင်း၊ ကြေးစည်၊ ခရာ၊ ခေါင်းလောင်းသံများ ကြားရသည်ကို မြင်မက်သော် သတင်းကောင်းကြားရအံ့။

၂။ မိုးကြိုး၊ စည်၊ ခရာသံ ကြားရသည်ကို မြင်မက်သော် စည်းစိမ်ချမ်းသာ သုခရအံ့။

၃။ ခင်ပုတ်ငှက်မြည်သည်ဟု မြင်မက်သော် ကြီးကျယ်သော အနာရောဂါ ဖြစ်အံ့။

၄။ ဥဒေါင်းငှက်မြည်သည်ဟု မြင်မက်သော် စိတ်နှလုံး သာယာစွာ နေရအံ့။

၅။ သာယာသော အသံကြားရသည်ကိုမြင်မက်သော်ရပ်ဝေးမှ သတင်းကောင်း ကြားရအံ့။

၆။ နတ်တို့၏ စည်၊ စောင်း၊ တူရိယာအသံတို့ကို ကြားရသည်ဟု မြင်မက်သော် စည်းစိမ်ချမ်းသာ ဖြစ်ထွန်းသံ၊ ကြံတိုင်းအောင်၍ ဆောင်တိုင်းမြောက်အံ့။

## သကြံန်စာနှင့် အတိတ်နိမိတ်

ရှေးမြန်မာဘုရင်များ လက်ထက်တော်အခါက နန်းတော်တွင်းရှိပုဏ္ဏားဖြူ ပုဏ္ဏားညိုတို့က ဗေဒင်ကျမ်းများနှင့်အညီ တွက်ချက်ပေးကြရသည်။ နန်းတော်တွင် ဗေဒင်ကျမ်းများကို တစ်ဖက်ကမ်းခတ် တတ်မြောက်ကြသော မြန်မာပညာရှိများ ပုဏ္ဏားတော်များက နှစ်စဉ်တွက်ချက်၍ ဝါထပ်မည်၊ ဝါကြီးထပ်မည်။။ ဝါငယ်ထပ်မည် စသည်ဖြင့် ဂြိုဟ်သွားဂြိုဟ်လာများကို လည်းကောင်း၊ နေကြတ်မည်၊ လကြတ်မည်၊ လျှင်လှုပ်မည်၊ တော်လဲမည်၊ စစ်ဖြစ်မည် စသည်တို့ကို တွက်ချက်၍ တိုင်းပြည်၏ အရေးအခင်းများ၊ လူထုကျန်းမာရေး၊ စီးပွားရေး၊ ကောင်းမကောင်း အကြောင်းအရာများကို ဂြိုဟ်ခွင်ကိုကြည့်၍ ဟောစာတမ်းရေးပြီး ဆက်သွင်းကြရ၏။

တိုင်းပြည်အတွက် တစ်နှစ်သာ ဟောစာတမ်းကို ဘုရင်က သာသနာပိုင် ဆရာတော်အား ပြသရသည်။ သာသနာပိုင် ဆရာတော်က ပညာရှိများ တွက်ချက်ယူဆပုံကို ကိုက်ညီ၏၊ မကိုက်ညီ၏ စသည်တို့ကို ညှိနှိုင်းစစ်ဆေးပြီး သင့်မြတ်လျော်ကန်လျှင် ထိုဟောစာတမ်းကို ဘုရင်အား ထုတ်ဝေရန် အကြံပေးသည်။ ဘုရင်သည် ထိုဟောစာတမ်းကို တိုင်းပြည်သို့ တစ်နှစ်တစ်ကြိမ် ထုတ်ဝေအသိပေးရသည်။ ထိုဟောစာတမ်းကို "သင်္ကြန်စာ"ဟု ခေါ်၏။

သင်္ကြန်စာကို တွက်ချက်ရေးသားကြရာတွင် မိုးမည်မျှကောင်းမည်၊ မကောင်းမည်။ မိုးဦး၊ မိုးလယ်၊ မိုးနှောင်း ကောင်းလျှင် ကောင်းမည်။ စပါးသီးနှံများ ကြွက်ဖျက်မည်၊ ပိုးဖျက်မည် စသည်တို့ကို စုံစုံလင်လင် တွက်ချက်ပေးရသည်။

ရှေးအခါက သင်္ကြန်စာများတွင် မည်သည့်အချိန် မည်သည့် သီးနှံ စိုက်ပျိုးရမည် စသည်တို့ကို တောင်သူလယ်သမားများ အား အကြံပေးချက် ပါရှိသည်။

နှစ်သစ်ကူးချိန်တွင် သိကြားမင်း လူ့ပြည်သို့ ဆင်းလာသည့် အခါ ကျွဲ၊ နွား သတ္တဝါ တစ်ကောင်ကောင်ကို စီး၍ဖြစ်စေ၊ လက်တစ်ဖက်က မီးရှူး မီးတိုင် ကိုင်ဆောင်၍ ဖြစ်စေ ဆင်းလာလေ့ ရှိသည့်။ သိကြားမင်းစီးလာသည်ကို ရုပ်ပုံနှင့်တကွ ဖော်ပြလေ့ရှိရာ လူအများက စိတ်ဝင်စားကြသည်။

သိကြားမင်းသည် လုံကိုကိုင်၍ဆင်းလျှင် တိုင်းပြည်စစ်မက် ထူပြောမည်။ ရောဂါထူပြောမည်ဟု နိမိတ်ဖတ်ကြ၏။ ရေကရား ကို ဖြစ်စေ၊ မီးရှူး မီးတိုင်ကို ကိုင်၍ ဆင်းလာလျှင် တိုင်းပြည် စည်ပင်သာယာ ဝပြောမည်။ မိုးကောင်းမည်။ ကောက်ပဲသီးနှံ အထွက်တိုးမည်ဟု နိမိတ်ဖတ်ကြသည်။

အကယ်၍ သိကြားမင်း နဂါးကို စီး၍ ဆင်းလာလျှင် မိုးကောင်းမည်ဟု အယူရှိကြသကဲ့သို့ ဂဠုန်စီး၍ ဆင်းလာလျှင် လေထုမငြိမ်မသက် ဖြစ်မည်ဟု နိမိတ်ကောက်ယူကြသည်။

## အိမ်၌ တောင်ပို့ပေါက်ရောက်ရခြင်း အကျိုးအပြစ်

အိမ်၏ အရှေ့ဘက်၌ တောင်ပို့ပေါက်ရောက်သော် ရန်ခပ် သိမ်း ကင်းဝေးအံ့။ ရွှေငွေရတနာ ကြွယ်ဝချမ်းသာအံ့။

အိမ်၏ အရှေ့တောင်ထောင့်အရပ်၌ တောင်ပို့ပေါက်ရောက် သော် ဖျားနာမှုဖြစ်အံ့။ တောင်အရပ်၌ ပေါက်မူ ချမ်းသာ ကြွယ်ဝအံ့။

အိမ်၏ အနောက်တောင်ထောင့်အရပ်၌ တောင်ပို့ပေါက်မူ ဤအိမ်၌ မနေသင့်။ ဥစ္စာပစ္စည်း ပျက်စီးတော့အံ့။

အိမ်၏ အနောက်တည့်တည့်အရပ်၌ တောင်ပို့ပေါက်မူ သား မြေးများ နာဖျားအံ့။

အိမ်၌ အနောက်မြောက်ထောင့်အရပ်၌ တောင်ပို့ပေါက်မူ ဥစ္စာပစ္စည်းများရအံ့။

အိမ်၏ မြောက်အရပ်တည့်တည့်၌ တောင်ပို့ပေါက်မူ စပါး ဆန်ရေ ရတော့အံ့။

အိမ်၏ အရှေ့မြောက်ထောင့်အရပ်၌ တောင်ပို့ပေါက်မူ လူတို့ ပူဇော်ခြင်း ခံရအံ့။

## ကလေးဝမြို့မှ စာကလေးတစ်စောင်

မြန်မာ့ရိုးရာ အတိတ်၊ နိမိတ်၊ အိပ်မက်တို့နှင့် ပတ်သက်၍ စာအုပ်ကလေးတစ်အုပ် ပြုစုရေးသားနေစဉ် ကျွန်တော်ဖော်စပ်သော ဆေးများကို မှာယူရောင်းချပေးသော ကလေးဝမြို့ မြမြင့်မိုရ် ဆေးမျိုးစုံဆိုင်ပိုင်ရှင် ဒေါ်ခင်မြအေးထံမှ အောက်ပါအတိုင်း "စာကလေးတစ်စောင်" ရောက်ရှိလာပါသည်။

ရက်စွဲ/ ၂၁-၄-၉၁

ဆရာ ဦးဝင်းမြင့်ရှင့်. . .

လေးစားစွာဖြင့် စာရေးလိုက်ပါသည်။ ဆရာ မှာကြားသော နံ့သာဖြူများ မကြာမီ ရပါမည်။ အိန္ဒိယ နယ်စပ် တမူး-မိုးလေးအထိ သွားလာ ရောင်းဝယ်နေသော မိတ်ဆွေများကို မှာကြားထားပါ

သည်။ နံ့သာဖြူ တစ်ပိဿာ ၁၄၀ဝိ/ဈေးဖြစ်ပါသည်။ ထို့အပြင် ဆရာမှာကြားသော နံ့သာနီများကိုလည်း ပို့ပေးပါသည်။

ဆရာရှင့်၊ ဆရာ၏ကျေးဇူးများ ဆပ်မကုန်အောင် ရှိပါသည်။ ဆရာ လမ်းညွှန်သည့်အတိုင်း သဗ္ဗဇယမင်္ဂလာ ဂါထာကို ကျွန်မက ကြာသပတေးသမီးဆိုတော့ ကြာသပတေးနေ့တိုင်း သစ်သီးဆွမ်းကပ်လှူ၍ ရွတ်ဆို ပွားများပါသည်။ မေတ္တာသုတ်၊ ပုဗ္ဗသုတ်၊ အဋ္ဌန မေတံကိုလည်း ရွတ်ဖတ်သရဇ္ဈာယ်ပါသည်။

တစ်နေ့တခြား အရောင်းအဝယ် ကောင်းလာပါ သည်။ အိပ်မက်တွေလည်း ကောင်းလာပါ၏။တစ်နေ့က အိပ်မက်ထဲမှာ ဆရာ ဘုန်းတော်ကြီးတစ်ပါးကို ဖူးမြင် ရ၍ အတိုင်းမသိ ဝမ်းသာပီတိ ဖြစ်နေပါသည်။

၁၂/၂/၉၁ နေ့တုန်းက ကျွန်မတို့ ငယ်ငယ်တုန်းက အမေဆင်ပေးခဲ့သော ကျောက်လက်ဝတ် ရတနာများကို ပြုပြင်၍ ခေတ်မီ လက်ဝတ်ရတနာများ ပြုလုပ်ရန် ပန်းထိမ်သို့ သွားပါသည်။

ပန်းထိမ်သို့ ရောက်သောအခါ ပန်းထိမ်ဆရာနှင့် တိုင်ပင်ပြောဆိုနေတုန်း ကျွန်မတို့မရောက်မီရောက်နှင့်နေ သော အမျိုးသား ဧည့်သည်တစ်ယောက်က ကျွန်မ၏

ကျောက်တစ်လုံးကိုယူ၍ ရောင်းနိုင်လျှင် ရောင်းပါဟု ဆိုပါသည်။ ကျွန်မက မရောင်းပါဟု ပြောတော့ ထိုကျောက်ကို တစ်သိန်းအထိ ပေးပါမည်ဟု ပြောပါသည်။ ကျွန်မက မရောင်းပါဘူးဟု ငြင်းပါသည်။

တစ်ဖန် ၁၄-၂-၉၁ ညမှာ ကျွန်မ အိပ်ရာဝင်မည် လုပ်တော့ အိပ်ရာခေါင်းအုံးပေါ်မှာ လက်သန်းလောက်ရှိသော မြွေကလေးတစ်ကောင် ခွေနေတာ တွေ့ရပါသည်။ ကျွန်မက မြွေကလေးကို တုတ်တစ်ချောင်းနှင့် တွဲယူ၍ အပြင်လွှတ်ပေးလိုက်ပါသည်။

နောက်တစ်နေ့တွင် ကျွန်မ သူငယ်ချင်းတစ်ယောက်နှင့်တွေ့၍ ညက အိပ်ရာခေါင်းအုံးပေါ်၌ မြွေကလေးခွေအိပ်နေတာ တွေ့ရကြောင်း ပြောပြတော့၊ သူက အဲဒါ ချမ်းသာတော့မှာဟု နိမိတ်ဖတ်ပါသည်။

ကျွန်မ၏ သူငယ်ချင်းက သူတို့ အဖေနဲ့ အမေအကြောင်း ပြောပြပါသည်။ ကလေးဝမြို့နယ် မထုရွာက အောင်သူတွေတဲ့။ သူ့အဖေနှင့် အမေ ခေါင်းအုံးပေါ်မှာ မြွေကလေးတစ်ကောင်စီ ခွေအိပ်နေတာတွေ့တော့ မသတ်ဘဲ လွှတ်လိုက်သတဲ့။ မကြာမီတစ်လအတွင်းလောက်မှာ စီးပွားတတ်လာပါသတဲ့။ သူတို့ မွေးချင်း ၁၂ယောက်ရှိတာ အလုပ်ကိုယ်စီနှင့်။ သူတို့ သိပ်ချမ်းသာလာတော့ တောမှာ မနေဝံ့တော့ဘဲ ကလေးဝမြို့ကို ပြောင်းလာပါသည်။

ခုဆိုလျှင် ကျွန်မ သူငယ်ချင်းသည် ဈေးထဲမှာ အလှပြင်ဆိုင် ဖွင့်ထားပါသည်။ လက်မလည်အောင် အလုပ်ပေးနေရပါသည်။

၁၄-၄-၉၁ သင်္ကြန် အကျနေ့တုန်းက ကျွန်မ သမီးသကလေး ခင်မမအေး မြစ်ဆိပ် ရေချိုးသွား ပါသည်။ အပြန်ကျတော့ ဆွဲကြိုးပြုတ်ကျ ကျန်ရစ် ကြောင်း ပြောပါသည်။ သမီးတို့ အမျိုးမျိုးရှာသော် လည်း မရသောကြောင့် ပြန်လာကြောင်း ငိုငိုရီရီနှင့် ပြောပါသည်။ ကျွန်မက "သမီး ထပ်ပြီးပြန်ရှာပါဦး" ဟု ပြောပါသည်။ ကျွန်မ၏ မိခင်ကလည်း သူပါ လိုက်ရှာပေးမည်ဟု ဆိုကာ မြေးအဘွား မြစ်ဆိပ်ပြန်သွား ပါသည်။

ရေထဲ ကျကျန်ရစ်သော ဆွဲကြိုးကလေး ပြန်ရဖို့ မလွယ်ပါ။ မြစ်ဆိပ်မှာ သင်္ကြန်အကျနေ့လည်းဖြစ်၍ အမူးသမားတွေလည်း ပေါပါသည်။ သို့သော် ကျွန်မ သည် သမီးတို့ကို မေတ္တာပို့အပြီး ပရိတ်တော်၊ ဂါထာ တော်များ ရွတ်ဖတ်သရဇ္ဈာယ်နေမိပါသည်။

ကျွန်မ ရွတ်ဖတ်သရဇ္ဈာယ်ပြီး၍ အိမ်ရှေ့ထွက်ကြည့် လိုက်တော့ သမီးတို့ ဆွဲကြိုးကလေး ရလာကြောင်း။ မြစ်ဆိပ်၌ ကိုယ်ဝန်ဆောင် အမျိုးသမီးတစ်ဦးက ကူညီ

ရှာပေး၍ ရလာကြောင်း ဝမ်းသာအားရ ပြောပြပါသည်။ ရေးစရာတွေ အများကြီးရှိပါသေးသည်။ နောက်မှ ဆက်ရေးပါဦးမည်ရှင့်။

ဆရာ ကျန်းမာ၍ ချမ်းသာပါစေ

မခင်မြအေး
မြမြင့်မိုရ် ဆေးမျိုးစုံ
အမှတ် ၂/၁၄၇ ဈေးအနီး၊
ကလေးဝမြို့။

## အထွေထွေ မြင်ဖတ်ခြင်း

၁။ လျှာကိုထုတ်၍ မြို့ရွာကို လွှမ်းပတ်ခြုံသည်ဟု မြင်မက်သော် မင်း၊ မှူးမတ် ပြည်သူအပေါင်တို့သည် ထိုသူ၏ ဆိုစကားကို နားထောင်အံ့။

၂။ အူထုတ်၍ မြို့ကိုပတ်သည်ဟု မြင်မက်သော် မင်း၊ အကြီးအကဲ ဖြစ်အံ့။

၃။ အူထုတ်၍ ရွာကိုပတ်သည်ဟု မြင်မက်သော် သူကြီးဖြစ်အံ့။

၄။ ကြာဖက်ကိုပိုက်ရသည်ဟု မြင်မက်သော် ကွဲသွားသော အဆွေအမျိုးတို့ကို ပြန်လည်တွေ့အံ့။

၅။ ရဟန်း၊ ပုဏ္ဏားတို့ကို မြင်မက်သော် ချမ်းသာရအံ့။

၆။ မိမိကိုယ်ကို သေသည်ဟု မြင်မက်သော် ချမ်းသာရအံ့။

၇။ အသီး၊ အရွက်နှင့်ပြည့်စုံသောအပင်ကို မြင်မက်သော် စည်းစိမ်ဥစ္စာများစွာ ရအံ့။

၈။ ထီးဆောင်းသည်ကို မြင်မက်သော် ဘုန်းတန်ခိုးကြီးအံ့။

၉။ အိမ်ဆောက်ရသည်ဟု မြင်မက်သော် အကျိုးကျေးဇူး များအံ့။

၁၀။ သိန္ဓောမြင်းကို မြင်မက်သော် စီးပွားဥစ္စာ တိုးတက်အံ့။

၁၁။ ပုဆိုးဖြူ ဝတ်ရသည်ဟု မြင်မက်သော် သူကြီးဖြစ်အံ့။

၁၂။ ကိုယ်တွင် လောက်တက်သည်ဟုမြင်မက်သော် ရွှေ၊ ငွေ၊ ကျွဲ၊ နွား၊ ရတနာများစွာ ရအံ့။

၁၃။ မြေစာပန်းကို မြင်မက်သော် မင်းဆရာဖြစ်အံ့။

၁၄။ ဆီမီးထွန်းညှိရသည်ကို မြင်မက်သော် စာပေတွင် ကျော်စောသူဖြစ်အံ့။

၁၅။ ကညာပျိုနှင့်အတူ အိပ်နေရသည်ကို မြင်မက်သော် လာဘ်ကြီးရအံ့။

၁၆။ တံခွန်လွှားသည်ကို မြင်မက်သော်
ကျော်စောထင်ရှားအံ့။

၁၇။ ဆင်စွယ်နှစ်ချောင်းရသည်ဟု မြင်မက်သော်
အကြီးအကဲဖြစ်အံ့။

၁၈။ မြင်းမိုရ်တောင်ကို ခေါင်းအုံးသည်ဟု မြင်မက်သော်
အခြံအရံနှင့် ပြည့်စုံသူဖြစ်အံ့။

၁၉။ ဂူ၊ ပုထိုးစေတီနှင့် တံတိုင်း ဆောက်လုပ်ရသည်ဟု မြင်မက်သော်
ချမ်းသာရအံ့။

၂၀။ မစင်ကိုလည်းကောင်း လိမ်းကျံရသည်ဟု မြင်မက်သော်
ကြွယ်ဝချမ်းသာအံ့။

၂၁။ ကိုယ်ရောင်ထွက်သည်ဟု မြင်မက်သော်
ဘုန်းတန်ခိုးကြီးအံ့။

၂၂။ ထီးဆောင်းသည်ဟု မြင်မက်သော်
အကြီးအကဲဖြစ်အံ့။

၂၃။ အိုးမဲ လိမ်းကျံသည်ကိုမြင်မက်သော်
မကောင်းသော အနိဋ္ဌရုံ မြင်ရတော့အံ့။

၂၄။ အထက်သွားကျိုးသည်ဟု မြင်မက်သော်
မိမိ မိဘဆွေမျိုးသားချင်း အကြီးအကဲ သေဆုံးအံ့။

၂၅။ အောက်သွားကျိုးသည်ဟု မြင်မက်သော်
မိမိ၏ သားသမီး ဘေးဥပါဒ် ရောက်အံ့။

၂၆။ အံသွားကျိုးသည်ဟု မြင်မက်သော်
မိမိ၏ ဆွေမျိုးထဲမှ အကြီးအကဲ ဘေးရောက်အံ့။

၂၇။ ခြေလက်တိုသွားသည်ဟု မြင်မက်သော်
ဘုန်းတန်ခိုးကြီးအံ့။

၂၈။ စောင်းတီးရသည်ဟု မြင်မက်သော်
သွားလေရာ လာဘ်ရအံ့။

၂၉။ ဘုရားဆင်းတု၊ ရုပ်တု မြင်မက်သော်
ကျက်သရေတိုးအံ့။

၃၀။ ဆင်မြင်းဗိုလ်ပါတို့ကို မြင်မက်သော်
ချမ်းသာရအံ့။

၃၁။ ကြက်နှစ်ကောင် ခွပ်ကြသည်ကို မြင်မက်သော်
တရားရုံးရောက်အံ့။

၃၂။ ကျွဲခတ်ခံရသည်ကို မြင်မက်သော်
ရန်ရောက်လာအံ့။

၃၃။ ဖွဲမီးတငွေ့ငွေ့ကို မြင်မက်သော်
နှလုံးစိတ်ဝမ်း မသာမယာ ဖြစ်အံ့။

၃၄။ မီးပုံကြီးကို မြင်မက်သော်
စိတ်နှလုံး ပူပန်မှု ဖြစ်အံ့။

၃၅။ ရွှံ့ကို နင်းမိသည်ဟု မြင်မက်သော်
အသရေယုတ်ညံ့အံ့။

၃၆။ အဝတ်အစား ရွှံ့စဉ်သည်ဟု မြင်မက်သော်
မကောင်းသတင်း ကြားရအံ့။

၃၇။ မိမိကိုယ် လဲသည်ဟု မြင်မက်သော်
သူတစ်ထူးက ယိုးစွပ်ခြင်း ခံရအံ့။

၃၈။ သူသေကို မြင်မက်သော်
အကြံအစည်အောင်အံ့။

၃၉။ သူသေ ထလာသည်ဟု မြင်မက်သော်
အမှုဟောင်းပေါ်အံ့။

၄၀။ မုန်တိုင်းလေပွေ တိုက်ခတ်သည်ကို မြင်မက်သော်
စိုးရိမ်သောက ရောက်အံ့။

၄၁။ ဆားလျက်ရသည်ကို မြင်မက်သော်
သူတကာတို့ ကိုးကွယ်ခံရသူ ဖြစ်အံ့။

၄၂။ မြွေပွေး၊ မြွေဟောက်တို့ကို မြင်မက်သော်
ရန်ခပ်သိမ်း ပြေငြိမ်းအံ့။

၄၃။ ဘုရားဝတ်ပြု ရှိခိုးသည်ဟု မြင်မက်သော်
ချမ်းသာရအံ့။

၄၄။ အိမ်အောက်သို့ မှိုပေါက်သည်ကို မြင်မက်သော်
မိုးကြိုးကျအံ့။

၄၅။ ဆင်ပေါက်ကို မြင်မက်သော်
သူတကာတို့ ရှိခိုးပူဇော်ခြင်းကို ခံရအံ့။

၄၆။ ချွေး၊ သွေးထွက် မြင်မက်သော်
ဘုန်းတန်ခိုးကြီးအံ့။

၄၇။ လက်ကောင်း၊ ဆံကျင် ဝတ်ရသည်ဟု မြင်မက်သော်
သားကောင်းရအံ့။

၄၈။ ရေနောက်ကို မြင်မက်သော်
ရန်ငြိမ်းအံ့။

၄၉။ ရေကြည်ကို မြင်မက်သော်
ရန်ငြိမ်းအံ့။

၅၀။ မင်း၊ မှူးမတ်အလယ်၌ နေရသည်ဟု မြင်မက်သော်
အများက ပူဇော်ခြင်း ခံရမည်။

၅၁။ ရွှေအဆင်းနှင့်တူသော ပုဆိုးကို ဝတ်ရသည်ဟု မြင်မက်
သော်
ချမ်းသာစည်းစိမ် တိုးတက်အံ့။

၅၂။ သန်း၊ လောက်တို့ကို မြင်မက်သော်
ချမ်းသာသုခရအံ့။

၅၃။ စာရေး စာဖတ် မြင်မက်သော်
လာဘ်ရအံ့။

၅၄။ ဥစ္စာပျောက်သည်ဟု မြင်မက်သော်
ဖျားနာအံ့။

၅၅။ ပြေးလွှားရသည်ဟု မြင်မက်သော်

ဖျားနာသေပျောက်အံ့။ နိမိတ်မကောင်း။
(ဦးခေါင်းဆေး၊ ပရိတ်နာလေ)

၅၆။ သစ်ပင်ကြီး ပြိုလဲသည်ကို မြင်မက်သော်
အကြီးအကဲ မိဘတို့ သေဆုံးအံ့။

၅၇။ အော့အန်သည်ကို မြင်မက်သော်
ဖျားနာအံ့။

၅၈။ ကိုယ်ကို ပိုးလောက်တက်သည်ဟု မြင်မက်သော်
ချမ်းသာတော့အံ့။

၅၉။ ရွှေပြား၊ ငွေပြား ရသည်ဟု မြင်မက်သော်
လာဘ်ရအံ့။

၆၀။ မီးခိုးထွက်သည်ကို မြင်မက်သော်
ဘုန်းကျက်သရေတိုးအံ့။

၆၁။ တရားနာရသည်ဟု မြင်မက်သော်
ဝပြောသာယာအံ့။

၆၂။ ရေချိုးသည်ကို မြင်မက်သော်
စီးပွားချမ်းသာ တိုးတက်အံ့။

၆၃။ ငှက်ပျောပင်စိုက်သည်ကို မြင်မက်သော်
ချမ်းသာအံ့။

၆၄။ နေ၊ လ ကြတ်သည်ကို မြင်မက်သော်
ဉာဏ်ရှိသော သားကို ရအံ့။

၆၅။ ဘုရားရုပ်ပွားတော်ကို မြင်မက်သော်
ကျော်စောထင်ရှားအံ့။

၆၆။ ရဟန်းသာမဏေကို မြင်မက်သော်
နတ်တို့ ချစ်ခင်အံ့။

၆၇။ အသီးအပွင့်တို့ကို မြင်မက်သော်
ဥစ္စာရအံ့။

၆၈။ ရေကြည်ကို မြင်မက်သော်
ချမ်းသာအံ့။

၆၉။ ကျားကို မြင်မက်သော်
ပူပန်ရအံ့။

၇၀။ ရေကန်ကို မြင်မက်သော်
ထင်ရှားအံ့၊ စည်းစိမ်ချမ်းသာ တိုးတက်အံ့။

၇၁။ ဓား၊ လှံ အရောင်လက်သည်ကို မြင်မက်သော်
ထင်ရှားကျော်စောအံ့။

၇၂။ ထောပတ်၊ ပျားရည်ကို မြင်မက်သော်
ချမ်းသာသုခရအံ့။

၇၃။ ပွဲလမ်းသဘင်ကို မြင်မက်သော်
ဘေးတွေ့အံ့။

၇၄။ လယ်ထဲတွင် ကြာပေါက်သည်ဟု မြင်မက်သော်
အကြီးအကဲ ဖြစ်အံ့။

၇၅။ ဆင်စီးရသည်ဟု မြင်မက်သော်
လာဘ်ကြီးရအံ့။

၇၆။ လှေ၊ သင်္ဘော စီးရသည်ဟု မြင်မက်သော်
ချမ်းသာအံ့။

၇၇။ ဖိနပ်စီးခြင်းကို မြင်မက်သော်
ဖျားနာအံ့။

၇၈။ လူသေကို ချီမသည်ဟု မြင်မက်သော်
ကောင်းစားတော့အံ့။

၇၉။ နဂါးကိုမြင်သည်ဟု မြင်မက်သော်
ရန်အောင်အံ့။

၈၀။ ကောင်းကင်သို့ပျံတက်သည်ဟု မြင်မက်သော်
ထင်ရှားအံ့။
၈၁။ ငါးဖမ်းရသည်ဟု မြင်မက်သော်
လာဘ်ရအံ့။
၈၂။ ခတ်တော်ရသည်ဟု မြင်မက်သော်
ဘုန်းကျက်သရေတိုးအံ့။
၈၃။ ဆံပင်ရှည်သည်ကို မြင်မက်သော်
အသက်ရှည်အံ့။

## ရွှေ့ပြေးနိမိတ်

ဤလောကမြေကြီးပေါ်ရှိ လူသားအားလုံးအတွက် ရွှေ့ပြေးနိမိတ်သည် ဖြစ်ပေါ်လာရစမြဲ။

တစ်ခါတစ်ရံ အများအတွက် ရွှေ့ပြေးနိမိတ် ဖြစ်ပေါ်သလို၊ တစ်ဦးတစ်ယောက် အတွက်လည်း ဖြစ်ပေါ်လာတတ်ပါသည်။

ထိုသို့ ရွှေ့ပြေးနိမိတ် ဖြစ်ပေါ်ကြရာတွင် လူသားတို့၏ ကံကြမ္မာကြီးလျှင် ကြီးသလောက်၊ ငယ်လျှင် ငယ်သလောက် ဖြစ်ပေါ်လာတတ်ပါသည်။

နိမိတ်ဖြစ်ပေါ်မှုကို ရှေးဟောင်း ဆရာမြတ်တို့က အကောင်းအဆိုး ဖတ်ဆိုနိုင်ရန်အတွက် စည်းကမ်းသတ်မှတ်ခဲ့ကြသည်။ အဌရသတစ်ဆယ့်ရှစ်ရပ်တွင် "ဟေတု"ဟု မည်သော အတိတ်နိမိတ်ဟောသော အတတ်ဟူ၍ ထားရစ်ခဲ့ပေသည်။

နိမိတ် ဖြစ်ပေါ်မှုကို ဖတ်ကြားရခြင်းဆိုင်ရာ အတတ်ပညာကို ပြောကြဆိုကြရသောအခါ. . . ယခုခေတ် မယုံကြည်သူ အချို့က "အစွဲအလမ်း"တွေပါဟု ဆိုကြကဲ့ရဲ့ကြပါလိမ့်မည်။

နိမိတ်သည် ထင်ရှားစွာ ပြသပါသည်။ နိမိတ်ကို ဖတ်ကြားရသောအခါ သိမ်မွေ့နူးညံ့လှပါသည်။

လောဘ၊ ဒေါသ၊ မောဟ တရားများ ဖုံးလွှမ်းနေသူများအဖို့ ရှေ့ပြေးနိမိတ်ကို ဖတ်ကြားရန် ခဲယဉ်းသော်လည်း သီလ၊ သမာဓိ၊ ပညာ ပြည့်စုံသူတို့အဖို့မှာကား လွယ်လွယ်နှင့် ဖတ်ကြားနိုင်ပါသည်။

## ကောင်းသော နံနက်ခင်း ရယူခြင်း

ရောင်ခြည်ပျိုး၍ အိပ်စက်ရာမှ နိုးထခဲ့ပြီ။ မိမိတို့သည် ညက အိပ်မက် မက်သူရှိသလို၊ မမက်သူလည်း ရှိမည်။ မည်သို့ပင် ဖြစ်စေ၊ နံနက်လင်းသည်နှင့် တစ်ပြိုင်နက်၊ မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်ကြီးအား ရည်မှတ်၍ ပန်းရေချမ်း ကပ်လှူပြီး ဘုရားရှိခိုး ပရိတ်တော်များ ရွတ်ဖတ်သရဇ္ဈာယ်ကြပါမည်။

မြတ်ဗုဒ္ဓက ပုဗ္ဗဏှသုတ်တွင်

ယံ ဒုန္နိမိတ္တံ အဝဘမင်္ဂလဥ္စ

ယောစာမနာပေါ သကုဏဿ သဒ္ဒေါ

ပါပဂ္ဂဟော ဒုဿုပိနံ အကန္တံ

ဗုဒ္ဓါနုဘာဝေန ဝိနာသ မေန္တု၊

ဟောတော်မူခဲ့ပါသည်။

အဓိပ္ပာယ်မှာ-အကြင် မကောင်းသော နိမိတ်သည်လည်း ကောင်း၊ အကြင် မင်္ဂလာတို့သည်လည်းကောင်း၊ နှစ်သက်ဖွယ်

မရှိသော ငှက်ဆိုးတို့၏ အသံတို့သည်လည်းကောင်း၊ အကြင် မကောင်းသော ဂြိုဟ်ဆိုးတို့သည်လည်းကောင်း၊ အကြင် မကြောင်းသော အိပ်မက်တို့သည် ရှိကြကုန်၏။ ထိုမကောင်း သော နိမိတ်အိပ်မက် အစရှိသည်တို့သည် မြတ်စွာဘုရား၏ တန်ခိုးဂုဏ်တော်(တရားတော်၊ သံဃာတော်တို့၏) ဂုဏ်တော်တို့ ကြောင့် ကင်းစင်ပပျောက်ပါစေသတည်းဟု ဖွင့်ဆိုကြပါသည်။

ထို့ကြောင့် ကျွန်တော်တို့ ဗုဒ္ဓဘာသာဝင်မြန်မာလူမျိုးများ ပီပီ မြန်မာ့ရိုးရာ မြန်မာ့ဓလေ့ထုံးစံ ယဉ်ကျေးမှုအတိုင်း နံနက် အိပ်ရာက ကောင်းမြတ်သော အတိတ်၊ နိမိတ်၊ ကောင်းမြတ် သော နံနက်ခင်းကိုရယူကြရာတွင် ကိုယ်ဖြင့် ကောင်းမြတ်သော အကျင့်ကိုလည်းကောင်း၊ စိတ်ဖြင့် ကောင်းမြတ်သော အကျင့် ကိုလည်းကောင်း ပြုကျင့်ဆောင်ရွက်ခြင်းဖြင့် ရယူကြပါသည်။

## အတိတ်ကံ

အတိတ်က မိမိပြုလုပ်ခဲ့ဖူးသော ကုသိုလ်ကံအကျိုးများ ပေး တော့မည်ဆိုလျှင် သိသိသာသာဖြစ်စေ၊ မသိမသာဖြစ်စေ ရှေ့ပြေးနိမိတ်များ ထင်ဟပ်လာပါသည်။

အတိတ်က ကံကြောင့် အောင်ဘာလေ သိန်းဆုကြီးများ ပေါက်ခြင်း၊ မင်းစိုးရာဇာများက မြှောက်စားချီးမြှင့်ခြင်း၊ မိမိ ကြံသမျှ အောင်မြင်လာပါသည်။

အကယ်၍ ရှေးအတိတ်က အကုသိုလ်ကံများ ဖိစီးလာတော့ မည်ဆိုလျှင်လည်း အတိတ်နိမိတ်ဆိုးများ၊ မကောင်းသော အိပ်မက်ဆိုးများ မက်ခြင်းများအပြင် မကောင်းသောအမှု အရိပ်

မည်းကြီးက ထိုးနှက်လာတော့မည်ဆိုလျှင် ဘဝအမောကို ကြံ့ကြံ့ခံ ရင်ဆိုင်လိုက်စမ်းပါ။ ပြီးတော့ သည်းခံပါ။

## သည်းခံခြင်း

သည်းခံနိုင်စွမ်းရှိမှုသည် စိတ်ရှည်မှု လူတို့ တန်ဖိုးထားဂုဏ်ယူ အပ်သည့် အပြုအမူများအနက် တစ်ခုဖြစ်ပါသည်။ သည်းခံ၍ စိတ်ရှည်သူသည် အကြောင်းအရာ အမျိုးမျိုး၊ ဘာသာရပ် အသီးသီးတို့အပေါ် သူ၏ စိတ်တံခါးဟင်းလင်း ဖွင့်ထားသူ ဖြစ်ပါသည်။

တစ်နည်း မျက်စိဖွင့်နားကိုစွင့်နေသူသည် ဗဟုသုတ ကြွယ်ဝ ကာ ပိုမိုမြင့်မားသော ဘဝကြွယ်ဝမှုများရှိရာသို့ပ တက်လှမ်း နိုင်သူဖြစ်ပါသည်။

## နှလုံးသားကြံ့ခိုင်ခြင်း

အတွေ့အကြုံများသော နှလုံးသားသည် ပညာဖြင့် ပြည့်၏။ ပညာဖြင့်ပြည့်သော နှလုံးသားသည် ကြံ့ခိုင်၏။ နှလုံးသား ကြံ့ခိုင်ခြင်းသည် မိမိ၏ လိုအင်ဆန္ဒ ပြည့်ခြင်းတည်းဟူသော သိဒ္ဓိပန်းကို ဆွတ်ခူးရန် တံချူပင်ဖြစ်ပါသတည်း။

အတိတ်ကောင်း၊ နိမိတ်ကောင်းရှိသလို၊ အတိတ်ဆိုး၊ နိမိတ်ဆိုးတို့လည်း ရှိ၏။ အတိတ်နိမိတ်တို့ကို သိပ်ယုံလျှင်လည်း အလုပ်မဖြစ်သလို၊ မယုံ၍လည်း မဖြစ်ပါ။ မိမိတို့၏ သဒ္ဓါ၊ ပညာ၊ သမာဓိ၊ ဝီရိယ၊ သတိ တို့ဖြင့် မျှမျှတတ ချင့်ချိန်၍ ကောင်းသော ကိုယ်၊ ကောင်းသောနှုတ်၊ ကောင်းသောစိတ်တို့ဖြင့် ဆောင်ရွက်ကြပါစို့ဟူ၍ တိုက်တွန်းရင်း . . . ။

ဇေယျတုသဗမင်္လာ
မကွေးဝင်းမြင့်
၃၀-၄-၉၁

မကွေးဝင်းမြင့်
စာရေးဆရာ၊ တိုင်းရင်းဆေး
အမှတ် ၆၊ မဲထီးလမ်း
ဈေးရပ်၊ မကွေးမြို့။

## အတိတ်ကောင်း နိမိတ်ကောင်း၊ သတင်းကောင်း

"မြန်မာ့ရိုးရာ၊ မြန်မာ့ဓလေ့၊ အတိတ်နိမိတ်" စာအုပ် ထုတ်ဝေရန် စီစဉ်နေစဉ် (၂၁-၁-၉၂)နေ့ထုတ် လုပ်သားပြည်သူ့နေ့စဉ်သတင်းစာတွင် "ဖားပြုပ်တစ်ကောင်က မြွေကို မျိုနေ" ဟူသော သတင်းပါရှိသည်။ စာဖတ်သူများ၊ သုတေသီများ လေ့လာမှတ်သား မှတ်တမ်းတင်နိုင်ရန်အတွက် ကူးယူ ဖော်ပြလိုက်ပါသည်။ ရှုကြပါဘိ။


## ဖားပြုပ်တစ်ကောင်က မြွေကိုမျိုနေ
## အတိတ်ကောင်း နိမိတ်ကောင်းဟု ပြောဆိုနေကြ

မန္တလေးမြို့၊ အနောက်တောင်မြို့နယ်၊ စိန်ပန်းရပ်ကွက်၊ သုရဲကျော်စွာရပ်နေ ဦးကျော်၏ နေအိမ်နောက်ဖေး၌ ဖားက မြွေကို မျိုခဲ့သည့် ဖြစ်ရပ်ဆန်းတစ်ခုဖြစ်ပွားခဲ့ကြောင်းသိရသည်။

ဖြစ်ပွားပုံမှာ ၁၉၉၁ ခုနှစ်၊ နိုဝင်ဘာ ၃၀ ရက်၊ နံနက် ၆ နာရီတွင် ဦးကျော်၏အိမ် နေအိမ်နောက်ဖေး၌ ဖားပြုပ် တစ်ကောင်က လူကြီး လက်မခန့်ရှိ မြွေတစ်ကောင်အား မျိုနေသည်ကို တွေ့ရသည်။ ထို့ကြောင့် အိမ်ရှင်က အိမ်နီးနားချင်းများအား ခေါ်ယူပြသပြီး ဓာတ်ပုံဆရာ ဦးသောင်းညွန့် (မောင်မောင်ညွန့် ဓာတ်ပုံ)အား မှတ်တမ်းတင် ဓာတ်ပုံရိုက်ကူးစေခဲ့သည်။

အဆိုပါဖားပြုပ်က မြွေအား နံနက် ၆ နာရီခန့်တွင် စတင်မျိုခဲ့ရာ ၉ နာရီခန့်တွင် တစ်ကောင်လုံး မျို၍ ပြီးစီးသွားကြောင်း သိရှိရသည်။

အဆိုပါ ဖြစ်ရပ်နှင့် စပ်လျဉ်း၍ အချို့သော ပုဂ္ဂိုလ်ကြီးများက ပြည်ထောင်စု မြန်မာနိုင်ငံနှင့် မြန်မာနိုင်ငံသားများအတွက် အတိတ်ကောင်း၊ နိမိတ်ကောင်းဖြစ်ကြောင်း ပြောဆိုနေကြပြီး၊ အဆိုပါနေရာအား "အောင်မြေ"ဟု ပြောဆိုကာ "အအောင်"ပြုလုပ်ရန် မြေများတူးယူခြင်း၊ယင်းဓာတ်ပုံများကို ဓီဇွဲကူးယူခြင်းများ ပြုလုပ်လျက်ရှိကြောင်း သတင်းရရှိသည်။



မန္တလေး၊ အနောက်တောင်မြို့နယ်၊ စိန်ပန်းရပ်ကွက်၊ သုရိကျော်ရပ်နေ ဦးကျော်၏အိမ်နောက်ဖေးတွင် ဖားပြုပ်က လူကြီးလက်မခန့်ရှိ မြွေတစ်ကောင်ကို ၃၀-၁၁-၉၁ ရက်က မျိုနေသည်ကို တွေ့ရစဉ်။

ထို အတိတ်ကောင်း နိမိတ်ကောင်းသတင်း ပါရှိပြီးနောက် (၂၂–၁–၉၂) နေ့ထုတ် လုပ်သားပြည်သူ့နေ့စဉ်သတင်းစာ စာတည်းမှူးထံ ပေးစာကဏ္ဍတွင် "အောင်ဇေယျ" အမည်ရှိ ပုဂ္ဂိုလ်က ဤသို့ နိမိတ်မော်ကွန်းတင်ထားသည်ကို တွေ့ရပါသည်။

[illegible]

[illegible]

[illegible]



[illegible]

မြွေဒိတ် နိမိတ်ထွန်း

အမြင်မှာ နိမိတ်

အတိတ်မှာ လက်ဆောင်

အသံမှာ တခေါင်းကု ဖျေးကဆိုရိုးစကားရှိခဲ့ကြပါသည်။

အမြင်မှာ နိမိတ်ဆိုသည်မှာ------

စေယျတု သဒ္ဓမင်္ဂလာ

မကျွေးဝင်းမြင့်